ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်၊ စနေနေ့၊ (17-4-2004)(၄၂၀၆)

ယနေ့ထုတ်စောင်ရေ ၁၉၇၈၈၁

သမဏာနဥ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ။ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၇

၂၀၀၄ ခုနှစ် ဧပြီ ၁၇ ရက်၌ ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာ အယ်(လ်)အာဆက်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မြို့နယ်ဌာနဆိုင်ရာအားလုံး မိမိတို့တာဝန်ယူနေရသည့် မြို့နယ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မှုရရှိရန် တီထွင်ကြံဆပံ့ပိုး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ပါလုပ်ငန်းများ အောင်မြင်ရန် ကွင်းဆင်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြို့နယ်အားကစားခန်းမ အဆောက်အအုံသစ်ဆောက်လုပ်ခြင်း အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ အားကစားခန်းမသစ် ဆောက်လုပ်မည့်နေရာရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မင်္ဂလာအုတ်မြစ်ကို စီထားပေးသည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အားကစားခန်းမ အဆောက်အအုံသစ် ရတနာအုတ်မြစ်စီမည့် သတ်မှတ်နေရာ အသီးသီးတို့၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအခါတော်ပေး ဆရာကြီး ဦးကျော်က "စိန္တာမဏိရတနာဏီ" ဂါထာတော်ကို သုံးကြိမ်ရွတ်ဆို၍ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေးပြီး မင်္ဂလာမော်ကွန်း ကမ္ပည်းကျောက်စာကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကျောက်တန်းမြို့ရှိ အီလက်ထရောနစ် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၄-၂၀၀၄
(စနေနေ့)

မြန်မာနှစ်ဆန်းတစ်ရက် မင်္ဂလာနှစ်သစ်

အေးချမ်းသာယာချမ်းမြေ့စေကြောင်း ဆုတောင်းမေတ္တာပွားများ

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ မြန်မာလူမျိုးတို့၏ နှစ်သစ်မင်္ဂလာ ရက်မြတ်အခါသမယပင် ဖြစ်သည်။

“ တန်ခူးမိဿ၊ စိတြ-လ နှင့် ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကံ့ကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွန်း” ဟူသည့် ကဗျာစာဆိုနှင့်အညီ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်ကြည်နူး ချမ်းမြေ့စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း တစ်ဦးကိုတစ်ဦး အတာရေစင်ဖြင့် သွန်းလောင်းပက်ဖျန်းကစားကြသဖြင့် အေးမြသန့်စင်ကြည်လင်ရွှင်ပြကြသည်။ အတာရေသည် အေးမြကြည်လင်သကဲ့သို့ အညစ်အကြေးဟူသမျှကို သန့်ရှင်းစင်ကြယ်စေသည်။

မင်္ဂလာရှိသော မြန်မာ့နှစ်သစ်နှစ်ဦးတွင် သန့်ရှင်းစင်ကြယ်ခြင်း၊ တည်ငြိမ်အေးချမ်းသာယာခြင်း၊ ရင်းနှီးချစ်ကြည်ခြင်းများ လွှမ်းခြုံလျက်ရှိသည်။ နှစ်သစ်အတွက် လူသစ်၊ စိတ်သစ်ဖြင့် အားအင်သစ်များဖြစ်ပေါ်စေလျက်ရှိသည်။

မြန်မာနှစ်သစ်နှစ်ဦး နှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် မြန်မာပြည်သူ ပြည်သားအပေါင်းတို့သည် ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် မင်္ဂလာရှိသည့် ပြုဖွယ်ပြုရာများကိုသာ ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကိုယ်စိတ်နှစ်ပါး၌ ငြိမ်းချမ်းခြင်း၊ သာယာချမ်းမြေ့ခြင်းများ လွှမ်းခြုံလျက် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းကြမြဖြစ်သည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် နှစ်ဆန်းတစ်ရက်နေ့တွင် စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီလ ဆောက်တည်ကြသည်။ တရားဘာဝနာများအားထုတ်၍ အလှူဒါနပြု မေတ္တာတရားပွားများကြသည်။

လူငယ်လူရွယ် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ လူကြီး၊ မိဘ၊ ဆရာသမားတို့အား အရိုအသေပြု ကန်တော့ခြင်း၊ အသက်အရွယ်ကြီးရင့်သူ အဘိုး၊ အဘွားတို့အား သောက်သုံးရေ၊ ချိုးရေတို့ဖြင့် ကန်တော့ခြင်း၊ ဦးခေါင်းဆေးလျှော်ပေးခြင်း၊ လက်သည်း၊ ခြေသည်းများ လှီးဖြတ်ပေးခြင်းတို့ဖြင့် ဂါရဝပြု ကုသိုလ်ယူကြသည်။

အချို့က စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်များကို အမွှေးနံ့သာရည်များဖြင့် သပ္ပာယ်ပူဇော်ကြသည်။ အချို့က စေတီတော်များကို ထုံးသင်္ကန်းကပ်လှူကြသည်။ ထို့အပြင် ရေတွင်းရေကန်များ ဆယ်သန့်ခြင်း၊ ရပ်ထဲ ရွာထဲတွင် လမ်းဖို့ခြင်း၊ တံတားပြုပြင်မွမ်းမံခြင်း၊ အမှိုက်သရိုက် ရှင်းလင်းခြင်းတို့ကို ပြုလုပ်၍ ကုသိုလ်ယူကြသည်။

ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က မြန်မာနှစ်သစ်နှစ်ဦးအတွက် နှစ်ဆန်းတစ်ရက် မင်္ဂလာအခါသမယတွင် မြန်မာပြည်သူ၊ ပြည်သားအားလုံး ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းစေကြောင်း မေတ္တာ၊ ကရုဏာဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လမ်းများတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

သို့ဖြစ်ရာ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အချိန်အခါသမယတွင် ပြည်သူများအနေဖြင့် ကုသိုလ်ဒါနပြုကြရင်း မြန်မာနိုင်ငံတစ်ဝန်း တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း၊ စည်ပင်ဝပြောခြင်း၊ ဖွံ့ဖြိုးခြင်း အကျိုးတရားများ လွှမ်းခြုံရရှိပါစေကြောင်း ဆုတောင်းမေတ္တာပွားများကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။



မတ် ၂၅ ရက်က အမက (၁၉) လှိုင်၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း အခမ်းအနားကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက စတုတ္ထတန်းကျောင်းသူ မမေလှမြတ်သူအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။
(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားတွင် (မြနန္ဒာ) တေးသီချင်းဖြင့် ကပြဖျော်ဖြေကာ ပျော်ရွှင်စွာ ပိတ်သိမ်းကြစဉ်။
(သတင်းစဉ်)

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီ ၅၅ မိနစ်တွင် မြို့တော်ခန်းမရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ ၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ယိမ်းအဖွဲ့များသည် သတ်မှတ်နေရာများ၌ နေရာယူကြပြီးနောက် ၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းက ၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် အောင်မြင်စွာပြီးဆုံးကြောင်းနှင့် ရေသဘင်မဏ္ဍပ်ပိတ်သိမ်းကြောင်း ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် အနုပညာရှင်များ၊ ယိမ်းအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မိသားစုများ၊ သင်္ကြန်ရေသဘင်ပွဲတော်ကို ချစ်မြတ်နိုးကြသူများက မန်းတောင်ရိပ်ခို (မြနန္ဒာ) တေးသီချင်းကို သံပြိုင်သီဆိုပြီး တူညီကကြိုးများဖြင့် ကပြဖျော်ဖြေကြကာ ၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ကို အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ည ၇နာရီတွင် ၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင် အသင်းများမှ အိုးစည်ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲ၊ ၁၂ ဦး မူကြိုယိမ်း၊ ၁၂ ဦး ကျောင်းများယိမ်း၊ ၁၂ ဦး ရုံးဌာနယိမ်း၊ ၁၂ ဦး အခြားအဖွဲ့အစည်းများယိမ်း၊ ၁၆ ဦး ကျောင်းများယိမ်း၊ ၁၆ ဦး ရုံးဌာနယိမ်း၊ ၁၆ ဦး အခြားအဖွဲ့အစည်းများယိမ်း၊ အကအလှ ယာဉ်ပြိုင်ပွဲ၊ သဘာဝယာဉ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရရှိကြသော အသင်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ၎င်းတို့၏ ဇနီးများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိကြသော အသင်းများက သင်္ကြန်ချစ်သော ရေသဘင်ပွဲတော်လာ ပြည်သူများအား အဆို၊ အကများဖြင့် ပြန်လည်သီဆို ကပြဖျော်ဖြေကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင် အသင်းများမှ ဆုရရှိကြသော အသင်းများအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ပုရစ်ဖူးတွေ တာစူနေသို့

* တာသင်္ကြန်ရေသဘင်ပွဲ
ဆင်နွှဲလို့ပြီးခဲ့ပြီ၊
နှစ်ဟောင်းက ညစ်အနွမ်း
ပက်ဖျန်းအတာရေကြောင့်
လန်းဖြာဝေ ထိန်ထိန်တောက်
နှစ်သစ်လည်းရောက်ခဲ့ပြီ။

* ဒီနှစ်သစ်
ဖူးပုရစ်မြိုင်လုံးဝေ
တောတောင်တွေအစဉ်လှဖို့
စိမ်းမြရောင်ခြယ်ကာသဖို့
ပင်စည်က အားကိုယူ
တာစူသည့်ပုံလိုပဲ၊
ကြံတွေးမြော်မြင်
စုဝေး တိုင်ပင်လို့
တိုင်းရပ်ခွင် မြန်ပြည်တစ်ဝန်းကိုလ
သမိုင်းဇာတ်တွင် အစဉ်သာလန်းစေမယ့်
အေးချမ်းဖြိုး ခေတ်မီ
ဒီမိုကရေစီ လူ့ဘောင်ကြီး
ဖန်တီး ရည်ဆောင်ဖို့
ညီနောင်တွေ တူယှဉ်တွဲကာပ
ညီလာခံ မဟာပွဲကို
နွှဲလိမ့်မလွဲ။ ။

ဖိုးဝ

ကိုးပါးသီလခံယူ

မေ့ပြီ ၁၆ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့အနောက်ပိုင်းရပ်ကွက် ဥက္ကဋ္ဌာရာမကျောင်းတိုက်ရှိ အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားတွင် သန်လျင်မြို့ မင်းကျောင်းစာသင်တိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုသလထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်း-ကျော)(သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

(၁၆-၄-၂၀၀၄)

မင်းဘူးမြို့	-	၄၂ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	-	၄၂ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	-	၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၆-၄-၂၀၀၄)

ပူတာအို	-	၂၃သမ၆၈လက်မ
ဟုမ္မလင်း	-	၂၃သမ၁၃လက်မ

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ဆုချီးမြှင့်

မေ့ပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာခင်ဆန်းနွယ် ၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင်အသင်းများမှ ဆုရရှိကြသော အသင်းများအား ဆုချီးမြှင့်စဉ်။ (သတင်း-၂) (သတင်းစဉ်)

နန်းမြို့သူ သင်္ကြန်ယိမ်းအကအဖွဲ့

မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်တွင် နန်းမြို့သူ ရေကစားမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့၏ ဖျော်ဖြေမှုကို မဟာသင်္ကြန်(ဒုတိယ)အကြတ်နေ့က တွေ့ရစဉ်။ (သတင်းစဉ်)

အီရတ်တွင် လုံခြုံရေးအခြေအနေ ဆိုးရွား ဘူဂေးရီးယားတပ်ဖွဲ့ဝင်အချို့ ဌာနေပြန်ရန် တောင်းဆို

ဆိုဖီယာ ဧပြီ ၁၄

အီရတ်နိုင်ငံတောင်ပိုင်းဒေသမှ ပေါက်ကွဲလုနီးပါးရှိသော ကာဘာလာမြို့တွင် အခြေစိုက်သည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၁၀ဦးခန့်က ဌာနေပြန်ရန် တောင်းဆိုကြကြောင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင်ပြောကြားလိုက်သည်။ ယင်းအခြေအနေက အီရတ်နိုင်ငံရှိ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေများအပေါ် စိတ်ပျက်လက်ပျက်ရှိနေပုံကိုဖော်ပြသည့် နမူနာတစ်ရပ်ဖြစ်သည်။

အီရတ်နိုင်ငံ တပ်ဖွဲ့ဝင် ၄၅၀ ရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးအတွက် တပ်ဖွဲ့ဝင်များ၏ မိဘများက သမ္မတ ဂျော်ဂျီပါဗန်နော့ထံသို့ တနင်္လာနေ့က မေတ္တာရပ်ခံထားသည်။ ယင်းဒေသသည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါးအား သစ္စာခံသည့်အရပ်ဘက်လက်နက်ကိုင်များ၏ မကြာခဏတိုက်ခိုက်မှုကို လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ခံခဲ့ရသည်။

ကာဘာလာရှိ ဘူဂေးရီးယားတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၀ ဦးခန့်က ၎င်းတို့အား လူစားလဲပေးရန် တောင်းဆိုထားကြောင်းဖြင့် ကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ စထရပ်ဂါရိဗာက ပြောကြားသည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)၏အဖွဲ့ဝင်နိုင်ငံသစ် ဘူဂေးရီးယားနိုင်ငံမှ တပ်ဖွဲ့ဝင်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများသည် ဘောလ်ကန်ဒေသမှ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ယင်းနိုင်ငံအနေဖြင့် လွန်ခဲ့သည့်ရက်သတ္တပတ်က တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် အတိမ်းအစောင်းမခံသည့် ပြဿနာ တွေ့ကြုံနေရသည်။ သို့ရာတွင် ယခင်ကာလကတည်းက စိုးရိမ်သောကရောက်စရာအဖြစ် ပေါ်ပေါက်ပြီးခဲ့ပြီးဖြစ်သည်။

ဘူဂေးရီးယားအစိုးရက ၎င်း၏ တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင် သွားရောက် တာဝန်ထမ်းဆောင်နေသည့် အန္တရာယ်ကြောင့် လစာငွေ သုံးပုံတစ်ပုံ တိုးမြှင့်ပေးထားသော်လည်း ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့များ၏နေရာတွင် အစားထိုးလဲလှယ်ရန်အတွက် ဘူဂေးရီးယားမှ အီရတ်သို့ ကျူးကျော်ရန် လျာထားခံရသော တပ်ဖွဲ့ဝင်များသည် အီရတ်သို့ မသွားရောက်မီ တပ်မှ အလုပ်ထွက်ခဲ့ကြသည်။

အီရတ်စစ်ပွဲလွန်ခဲ့သည့်နှစ် မတ်လတွင် စတင်ဖြစ်ပွားခဲ့ပြီး ဘူဂေးရီးယားတပ်ဖွဲ့ဝင် ငါးဦးသည် တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ လွန်ခဲ့သည့် ဒီဇင်ဘာလက ကုန်တင်ထရပ်ကားဗုံးပေါက်ကွဲမှုတွင် တပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး ၆၄ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ရှီးယိုက်ခေါင်းဆောင် မူတာဒါဆာဒါး၏ လက်ထောက် ဟာဇမ်အလ်အာရာဂျီကို အမေရိကန်တို့ ဖမ်းဆီးထားမှုမှ ပြန်လည်လွတ်မြောက်လာပြီးနောက် ဧပြီ ၁၃ရက်က သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂျပန်လူမျိုး ဓားစာခံ သုံးဦး ပြန်လည်လွတ်မြောက်လာ

ဒူဘိုင်း ဧပြီ ၁၆

အီရတ်နိုင်ငံတွင် လွတ်မြောက်လာခဲ့သည့် ဂျပန်ဓားစာခံ သုံးဦး၏ ရုပ်ပုံများကို အာရပ်ရုပ်မြင်သံကြား သတင်းဌာ ကြာသပတေးနေ့က ထုတ်လွှင့်ပြသရာ ၎င်းတို့ စိတ်ဓာတ်ကျနေပုံရသော်လည်း ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ဂျပန်နှစ်ဦးနှင့် ငိုယိုနေသည့် အမျိုးသမီးတစ်ဦး၏ ရုပ်ပုံကို လွန်ခဲ့သည့် သီတင်းပတ်က ထုတ်လွှင့်ပြသခဲ့သည်။ အခြားသော ဂျပန်အရပ်သား နှစ်ဦးသည် ဘဂ္ဂဒက်မြို့အနီးတွင် ပျောက်ဆုံးသွားသည်ဟု သိရှိရပြီး ၎င်းတို့၏ ကံကြမ္မာနှင့် ပတ်သက်၍ တိတိကျကျ မသိရှိရသေးပေ။

လွတ်မြောက်လာသည့် ဂျပန်နိုင်ငံသားများသည် ဘာသာရေးခေါင်းဆောင်များ အသင်း၏ ပြောရေးဆိုခွင့်ရှိသူ အယ်လ်ကူဘိုင်စီနှင့် တွေ့ဆုံနေပုံနှင့် အချိုရည်သောက်နေပုံတို့ကို ဖော်ပြပါရုပ်မြင်သံကြားက ဆက်လက်ပြသသည်။ အဆိုပါ အသင်းသည် ဓားစာခံများ လွတ်မြောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးနေသည့် အုပ်စုဖြစ်သည်။

အဆိုပါ အသင်း၏ မေတ္တာရပ်ခံချက်ကို ဖြည့်ဆည်းပေးထားကြောင်း၊ သို့ရာတွင် အခြားသော ပြည်ပမှ ဖြစ်ရပ်အချို့ကြောင့် အခြားဓားစာခံများ လွတ်ပေးရေးတွင် နှောင့်နှေးနေရကြောင်း အယ်လ်ကူဘိုင်စီက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဒဗလျူအမ်ဒီလက်နက်များ ဆီးရီးယားထံမှ ရသည်ဆိုမှု ဆူဒန်နိုင်ငံခြားရေးဝန်ကြီးက ငြင်းဆို

ခါတွမ် ဧပြီ ၁၄

ဆူဒန်နိုင်ငံက ဆီးရီးယားနိုင်ငံမှ လူအစုလိုက်အပြုံလိုက်သေစေသည့် အဖျက်လက်နက်များ (ဒဗလျူအမ်ဒီ) ရရှိခဲ့သည်ဟူသောသတင်းမှာ မှားယွင်းကြောင်း ဆူဒန်နိုင်ငံခြားရေးဝန်ကြီး မူစတာပါအော့စမန် အစ္စမေးလ်က အင်္ဂါနေ့တွင် ငြင်းဆိုပြောကြားလိုက်သည်။

ဝေဖန်ပြောကြား

ဆီးရီးယားနိုင်ငံက ဒဗလျူအမ်ဒီများ၏ အစိတ်အပိုင်းအချို့ကို ဆူဒန်နိုင်ငံသို့ ပေးပို့ခဲ့ကြောင်း အနောက်အုပ်စု မီဒီယာသတင်းဌာနများ၏ သတင်းပေးပို့ချက်များအား ဝေဖန်ပြောကြားပြီး ယင်းစွပ်စွဲပြောကြားချက်များသည် မှန်ကန်မှုမရှိသလို အခြေအမြစ်လည်း မရှိကြောင်း အစ္စမေးလ်၏ ပြောကြားချက်ကို ကြေညာချက်တွင်ဖော်ပြထားသည်။

ယင်းစွပ်စွဲချက်များသည် ထင်ပေါ်ကျော်ကြားသည့် သတင်းဌာနများက ထုတ်ပြန်ပေးခြင်းဖြစ်ပြီးဆူဒန်နိုင်ငံအား ယင်းသို့စွပ်စွဲမှုမျိုး မကြာခဏပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့သည် ဆူဒန်နိုင်ငံ၏ မကောင်းကျိုးလိုလား၍ သတင်းထုတ်ပြန်နေသော သတင်းဌာနများဖြစ်ကြကြောင်း အစ္စမေးလ်က ထပ်လောင်း ပြောကြားသည်။

ထွက်ပေါ်

ဆူဒန်အစိုးရနှင့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အတွင်း ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးမည့် အချိန်တွင် ယင်းကဲ့သို့သော စွပ်စွဲမှုများထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့သော စွပ်စွဲမှုများသည် ဆူဒန်နိုင်ငံအပေါ် ဖိအားပေးရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆူဒန်အစိုးရနှင့် အနောက်ဒေသ ဒါဖာ သောင်းကျန်းသူများအတွင်း မကြာမီက လက်မှတ်ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်က ဆူဒန်နိုင်ငံအတွင်း ငြိမ်းချမ်းရေး ရရှိစေရန် ဆူဒန်အစိုးရက စိတ်အားထက်သန်မှုကိုအတည်ပြုပေးလိုက်ခြင်း ဖြစ်ကြောင်း အစ္စမေးလ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၅

အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ ဆမ်မာရာမြို့တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အခြားအမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသည်လည်း မိုဆူးလ်မြို့တွင် ပြင်းထန်သည့် နှလုံးရောဂါခံစားရပြီး သေဆုံးခဲ့သည်။

နောက်ဆုံးတိုက်ခိုက်မှုကြောင့် သေဆုံးသည့် တပ်ဖွဲ့ဝင် နှစ်ဦးကို အမေရိကန်စစ်ဌာနချုပ်၏ သေစာရင်း မှတ်တမ်းတွင် ထည့်သွင်းမှုရှိ၊ မရှိ ကွဲကွဲပြားပြား မသိရသေးပေ။ အမေရိကန်စစ်ဌာနချုပ်၏မှတ်တမ်းအရ ဗုဒ္ဓဟူးနေ့အထိ သေဆုံးသူ ရှစ်ဦးရှိသွားပြီဟု ဖော်ပြထားသည်။ ယင်းစာရင်းအရ ဆိုပါက စစ်ပွဲစတင်ဖြစ်ပွား ခဲ့ပြီးသည့်နောက် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၉၃ ဦးထက် မနည်း ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၇ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၆၈၇ဦးရှိပြီ တပ်ဖွဲ့ဝင် ၄၉၃ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်

ဘဂ္ဂဒက် ဧပြီ ၁၆

အီရတ်နိုင်ငံအတွင်း အမေရိကန်ဦးဆောင်သည့် တပ်များက လွန်ခဲ့သည့်နှစ်မတ်လမှစ၍ စစ်ဆင်ရေးစတင်ပြီးနောက် ယခုနှစ် ဧပြီ ၁၅ရက် ကြာသပတေးနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင် ၆၈၇ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန ကြေညာချက်အရ သိရသည်။

အဆိုပါသေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင်များအနက် တပ်ဖွဲ့ဝင် ၄၉၃ ဦးမှာ တိုက်ပွဲတွင် သေဆုံးရခြင်းဖြစ်ပြီး ၁၉၄ဦးမှာ အခြားအကြောင်းများကြောင့် အီရတ်၌ သေဆုံးရခြင်းဖြစ်သည်ဆို၏။

ထိုကာလအတောအတွင်း အီရတ်၌ သေဆုံးသွားသော ဗြိတိန်တပ်ဖွဲ့ဝင်ပေါင်း ၅၈ဦးရှိသည်ဟု ဗြိတိန်စစ်ဘက်က ကြေညာသည်။ ထို့ပြင် အီတလီ တပ်ဖွဲ့ဝင်၁၇ဦး ၊ စပိန် တပ်ဖွဲ့ဝင် ရှစ်ဦး၊ ဘူဂေးရီးယား တပ်ဖွဲ့ဝင် ငါးဦး၊ ယူကရိန်းတပ်ဖွဲ့ဝင် လေးဦးနှင့် တကွ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စတိုးနီးယားနှင့် ပိုလန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင် တစ်ဦးစီ သေဆုံးကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဂျော့ ဒဗလျူဘုရှ်က မေလ ၁ရက်နေ့တွင် ကြေညာပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၅၄၇ဦးရှိသည်။

၎င်းတို့အနက် တိုက်ပွဲတွင် သေဆုံးကြရသည့်အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၈၂ ဦးရှိပြီး အခြားအကြောင်းများကြောင့် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း၁၆၅ဦး ရှိကြောင်းသိရသည်။

အမေရိကန်စစ်ဘက်က ကြေညာသည့် နောက်ဆုံးသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ ဝင်များတွင် မိုဆူးလ်မြို့၌ နှလုံးရောဂါဖြင့် ဗုဒ္ဓဟူးနေ့က သေဆုံးသွားသော အိုလံပီယာအထူးတပ်ဖွဲ့ဝင် တစ်ဦး၊ ဆမ်မာရာမြို့အနီး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲမှုဖြစ်ပွားသဖြင့် သေဆုံးသွားသော ရိန်းဂျားအထူးတပ်ဖွဲ့မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးတို့ပါဝင်သည်။

အင်တာနက်။

အီရတ်သို့ ကာကွယ်ရေးတပ်ဖွဲ့ စေလွှတ်မှုကိုကန့်ကွက် ဂျပန်နိုင်ငံသားများက ခရိုင်တရားရုံးတွင် တရားစွဲဆို

တိုကျို ဧပြီ ၁၅

ဂျပန်နိုင်ငံမှ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ (အက်စ်ဒီအက်ဖ်)အား အီရတ်နိုင်ငံသို့ စေလွှတ်မှုအပေါ် ဂျပန်နိုင်ငံ နဂိုယာခရိုင်တရားရုံးတွင် ယခုနှစ် စောစောပိုင်းကာလက တရားစွဲတိုင်တန်းခဲ့ရာ ဂျပန်နိုင်ငံသား ၁၁၀၁ ဦးအုပ်စုက နောက်ထပ် အမှုဖွင့်ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြလိုက်သည်။

တောင်းဆို

ယင်းကဲ့သို့ အမှုဖွင့် တိုင်တန်းသူဦးရေမှာ ၂၃၆၃ ဦးအထိ ရှိသွားပြီဖြစ်ပြီး အဆိုပါအက်စ်ဒီအက်ဖ်တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံသို့ ပို့ပေးနေမှုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မညီညွတ်ဟုဆိုကာ နစ်သိမ့်မှုအရပေးသည့် ငွေအဖြစ် အစိုးရကလူတစ်ဦးလျှင်ယန်း ၁၀၀၀၀(အမေရိကန် ၉၅ ဒေါ်လာ)စီပေးရန် ၎င်းတို့ တစ်ဦးချင်းစီက တောင်းဆိုကြသည်။

ဂျပန်နိုင်ငံသား ၁၂၆၂ဦးက ယင်းတပ်ဖွဲ့ဝင်များပေးပို့မှုနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီလအတွင်းက အမှုဖွင့်တိုင်တန်းခဲ့ကြကြောင်း ကျိုဒိုသတင်းဌာနက ပြောကြားသည်။ အခြားအုပ်စုကလည်း ဇွန်လအတွင်း အမှုဖွင့် တိုင်တန်းရန် စီစဉ်နေလျက်ရှိသည်။

ဂျပန်နိုင်ငံသား ၂၃၀၀ ကျော်တို့သည် အက်စ်ဒီအက်ဖ် ပေးပို့နေမှုနှင့် စပ်လျဉ်း၍ အမှုဖွင့် တိုင်တန်းမှုသည် ထူးခြားသည့် အမှုဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက အစိုးရမဟုတ်သည့် အဖွဲ့အား ဦးဆောင်သော ရိုရှိနိုရီ အိုင်ကီဇူမီက တရားလိုများအား ကိုယ်စားပြု၍ ပြောကြားသည်။

အီရတ်နိုင်ငံရှိ ဂျပန်အရပ်သား သုံးဦးအား ပြန်ပေးဆွဲသူများက ဂျပန်နိုင်ငံမှ တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းရေးအတွက် တောင်းဆိုထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လုံခြုံရေးစောင့်ကြပ်

ဧပြီ ၁၂ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် အီရတ်တို့ လုံခြုံရေးစောင့်ကြပ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်။)*

ဧပြီ ၁၅ရက်က အမေရိကန်တပ်ဖွဲ့၏ မဆင်မခြင် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ခင်ပွန်းနှင့် သားသမီးသုံးဦး ဆုံးရှုံးခဲ့ရသော အီရတ်အမျိုးသမီး တစ်ဦးက သေဆုံးသွားသည့် မိသားစုများ၏ ဓာတ်ပုံကို ပြသနေစဉ်။

ဓာတ်ပုံ-အင်တာနက်။

ငြိမ်းချမ်းရေး အဆိုပြုချက်များ ညှိနှိုင်းရန် အယ်လ်ဆာဒါးက ၎င်း၏သံတမန်ကို ပြောကြား

ဘဂ္ဂဒက် ဧပြီ ၁၅

ရှီးယိုက် ခေါင်းဆောင် အယ်လ်ဆာဒါးက ငြိမ်းချမ်းရေးအဆိုပြုချက် တစ်ရပ်ကို အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များနှင့်ညှိနှိုင်းရန် မိမိအား တိုက်တွန်းခဲ့ကြောင်းဖြင့် အယ်လ်ဆာဒါးက ခန့်အပ်ထားသည့် အီရတ်နိုင်ငံသား အထူးသံတမန်တစ်ဦးက ပြောကြားသည်။

အယ်လ်ဆာဒါးအား ထောက်ခံသူများက အီရတ်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့ရှိ အမေရိကန်ဦးဆောင်သည့်အီရတ်နိုင်ငံ သိမ်းပိုက်ရေးသမားများအား ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။အမေရိကန်ပြည်ထောင်စုက အယ်လ်ဆာဒါးအား သတ်ဖြတ်ရန်သို့တည်းမဟုတ် ၎င်းကို ဖမ်းဆီးပြီး ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့အား ဖျက်ဆီးပစ်ရန် ပြောကြားခဲ့ပြီး အယ်လ်ဆာဒါးနေထိုင်သည်ဟု ယူဆရသည့် နာဂျက်ဖ်မြို့ ဆင်ခြေဖုံးဒေသသို့ နောက်ထပ်တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့သည်။

ပြောကြား

ပဋိပက္ခ ပြေငြိမ်းရေးအတွက် အပြုသဘောဆောင်သည့် အဆိုပြုချက်များကို မိမိတို့ရေးဆွဲခဲ့ကြောင်း၊ ယင်းကိစ္စများကို အသေးစိတ် မိမိထုတ်ဖော်မပြောကြားလိုကြောင်း၊ လက်နက်ကိုင်ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မှုမှာ တစ်စုံတစ်ဦး အကျိုးအတွက် မဟုတ်ဟု မိမိသိမြင်ထားကြောင်း အဗ္ဗဒယ်ကာရင်အယ်လ်အန်ဇီက ဘဂ္ဂဒက်မြို့ရှိ ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတွင် ဂျပန်လူမျိုးနောက်ထပ်နှစ်ဦး ပြန်ပေးဆွဲခံထားရဟု မီဒီယာသတင်းထွက်ပေါ်

တိုကျို ဧပြီ ၁၅

အီရတ်နိုင်ငံတွင် နောက်ထပ် ဂျပန်အရပ်သားနှစ်ဦး ပြန်ပေးဆွဲခံထားရကြောင်းဖြင့် ဂျပန်မီဒီယာ သတင်းဌာနကကြာသပတေးနေ့တွင် ဖော်ပြလိုက်သည်။

ဂျပန်နိုင်ငံသားနှစ်ဦး ဘဂ္ဂဒက်မြို့တော် အနီးတွင် ပြန်ပေးဆွဲခံရကြောင်း ဂျပန် အစိုးရမဟုတ်သည့်အဖွဲ့က အီလက်ထရွန်းနစ် စာပို့စနစ်ဖြင့်ပေးပို့သော စာတစ်စောင် ရရှိထားပြီး ၎င်းစာအရ မိမိတို့အစိုးရက ယင်းမီဒီယာသတင်းပေးပို့ချက်များကို အတည်ပြုရန် ကြိုးပမ်းလျက်ရှိကြောင်း ဂျပန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်းတို့နှစ်ဦးမှာ အလွတ်သတင်းစာ ဆရာနှစ်ဦးဖြစ်သည့် ဂျမ်ပဲလ်ယာဆူဒါနှင့် နိုဘူတကာဝါတာနာဘီတို့ ဖြစ်ကြကြောင်းဖြင့် ကျိုဒိုသတင်းဌာနက ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ၏ လက်ရှိအခြေအနေ ပြင်သစ်ဝန်ကြီးချုပ် အထူးစိုးရိမ်

ပါရီ ဧပြီ ၁၅

အီရတ်နိုင်ငံ၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ မိမိများစွာစိုးရိမ်မကင်းဖြစ်ရကြောင်းဖြင့် ပြင်သစ်ဝန်ကြီးချုပ် ဂျင်းပီရယ်ရာဖာရီက အင်္ဂါနေ့တွင် ပြောကြားလိုက်ပြီး ပြင်သစ်နိုင်ငံသားအားလုံး အီရတ်မှထွက်ခွာကြရန် တိုက်တွန်းလိုက်သည်။

အကျပ်အတည်းစကတည်းက အခြေအနေမှာ စိုးရိမ်ဖွယ်ကောင်းအောင် ပိုမိုဆိုးရွားလာကြောင်းဖြင့် အီရတ်နိုင်ငံမှ ပြန်ပေးဆွဲမှုနှင့် လူအသေအပျောက်ကိစ္စနှင့်ပတ်သက်၍ ပြင်သစ်အောက်လွှတ်တော်၌ မေးမြန်းသည်ကို ဖြေကြားစဉ် ဝန်ကြီးချုပ်က အထက်ပါအတိုင်း တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၏ လက်ရှိအခြေအနေအခက်အခဲများအရ အီရတ်နိုင်ငံ၌ ရောက်ရှိနေထိုင်သည့် ပြင်သစ်အားလုံးအမိနိုင်ငံသို့ပြန်လာကြရန်နှင့် လောလောဆယ် အီရတ်သို့သွားမည့် ပြင်သစ်နိုင်ငံသားများအား ခရီးစဉ်ရွှေ့ဆိုင်းထားကြရန် တိုက်တွန်းနှိုးဆော်ကြောင်းဖြင့် ပြင်သစ်ဝန်ကြီးချုပ်က ပြောဆိုသည်။

အီရတ်ပြဿနာ စဉ်ဆက်မပြတ်ပြေလည်ရေးအတွက် ကြိုးပမ်းရာတွင် မိမိတို့နိုင်ငံကပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြင်သစ်နိုင်ငံ၏ ရည်ရွယ်ချက်လေးရပ်ကို ဝန်ကြီးချုပ်က ရည်ညွှန်းပြောဆိုလိုက်သည်။

အဆိုပါလေးရပ်မှာ အီရတ်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြန်လည်တည်ဆောက်ရေး၊ အီရတ်ပြည်သူများလက်သို့ အာဏာပြန်လည် လွှဲအပ်ရေး၊ အီရတ်၏ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အီရတ်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အလေးထားရန်ဖြစ်သည်။

နိုင်ငံရေးလုပ်ငန်းစဉ်ဖြင့်သာ အီရတ်နိုင်ငံစဉ်ဆက်မပြတ် ပြေလည်ရေးကို မိမိတို့ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရှိ ဟွန်ဒူရပ်စ်အခြေစိုက်စခန်း တိုက်ခိုက်ခံရကြောင်း အတည်ပြု

မနာဂွာ ဧပြီ ၁၅

နာဂျက်ဖ်မြို့ရှိ တေဂူစီဂယ်ပါ စစ်အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် တိုက်ခိုက်မှု ခြောက်ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ အီရတ်နိုင်ငံရှိ ဟွန်ဒူရပ်စ်တပ်ဖွဲ့ခေါင်းဆောင်က ဗုဒ္ဓဟူးနေ့တွင် အတည်ပြုပြောကြားသည်။

အီရတ်တွင် တပ်စွဲထားသည့် ဟွန်ဒူရပ်စ်တပ်ဖွဲ့၏တပ်မှူး ဗိုလ်မှူးချုပ် ဝီဖရီဒိုကယ်ဒါရွန်က လွန်ခဲ့သော ရက်များအတွင်း နာဂျက်ဖ်မြို့ရှိ မိမိတို့၏ တပ်ဖွဲ့ အခြေစိုက်စခန်းကို ၆၀ မီလီမီတာစိန်ပြောင်းများဖြင့်ခြောက်ကြိမ် တိုက်ခိုက်ခဲ့ကြောင်း ဟွန်ဒူရပ်စ်နိုင်ငံသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဟွန်ဒူရပ်စ်တပ်ဖွဲ့ဝင်များထဲမှ ပြန်ပေးဆွဲခံထားရခြင်း ရှိမရှိနှင့်ပတ်သက်၍ မေးမြန်းချက်ကိုမူ ၎င်းက ဖြေကြားခြင်းမရှိဘဲ ငြင်းပယ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

စစ်ဘက်ထရပ်ကားအနီး စုဝေးလာကြသူများအား အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်

ဘဂ္ဂဒက် ဧပြီ ၁၅

အမေရိကန်တပ်ဖွဲ့ဝင်များသည် ပျက်စီးနေသည့် စစ်ဘက်သုံးထရပ်ကားအနီးသို့ စုဝေးရောက်လာသော လူအုပ်စုအတွင်းသို့သေနတ်ဖြင့်ပစ်ခတ်ရာအများအပြား သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရိုက်တာသတင်းဌာနမှမျက်မြင်မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေနတ်ဖြင့်ပစ်ခတ်

အဆိုပါစစ်ဘက်သုံးထရပ်ကားသည် လေယာဉ်ဆိပ်သွားရာလမ်းတွင် စောစောပိုင်းက တိုက်ခိုက်မှုခံထားရပြီး အီရတ်နိုင်ငံသား လူအုပ် ရောက်ရှိလာကြောင်း၊ ယင်းအချိန်တွင် ကန်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး သေနတ်များဖြင့် ပစ်ခတ်ကြကြောင်း ဖော်ပြပါမျက်မြင် တွေ့ရှိသူများက ဆက်လက်ပြောကြားကြသည်။

ပြောကြား

အီရတ်နိုင်ငံသားခြောက်ဦးထက်မနည်း မလှုပ်မယှက် မြေကြီးပေါ် လဲလျောင်းငြိမ်သက်လျက်ရှိပြီး သွေးများယိုစီးနေကြောင်း ရိုက်တာသတင်းဌာနမှ ဓာတ်ပုံသတင်းထောက်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တိုင်းတစ်ပါးကျူးကျော်မှုအောက်မှ အချုပ်အခြာအာဏာကင်းမဲ့နေသော အီရတ်နိုင်ငံ

ဖြစ်ရပ်စုံလင်အမှန်မြင် ဆင်ခြင်သုံးသပ်သတိချပ်

ဧပြီ ၁၂ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ရှာဖွေစစ်ဆေးမှုများကို ကြမ်းကြမ်းရမ်းရမ်း ပြုလုပ်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂၉ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးကို ရိုက်နှက်ကာ ဖမ်းဆီးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး အယ်လ်ဆာဒီးမြို့တွင် ကန်သံချပ်ကာကား တစ်စီး၏ တက်ကြိတ်မှုကြောင့် ပျက်စီးသွားသော အရပ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

The Mirror

အီရတ် မြင်ကွင်း

မတ် ၂၈ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တို့ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားရာ ဒဏ်ရာရရှိသော အီရတ်အမျိုးသားတစ်ဦးကို သယ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ကျူးကျော်စစ်ပွဲ၏ ဘေးဒဏ်ကို ခံစားရသူ အသက်ခြောက်နှစ်အရွယ်ရှိ ကျောင်းသားလေး ဝါလစ်ဆာမီရာ၏ ပုံကို ဧပြီ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရွှေတိဂုံစေတီတော်ကြီး ရွှေထီးတော် တင်လှူပူဇော်

ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူခဲ့သော မြတ်စွာဘုရားလေးဆူ၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်စံပယ် ဌာပနာတော်မူရာ ရွှေတိဂုံစေတီတော်ကြီး၏ ရွှေထီးတော် တင်လှူပူဇော်ပွဲကြီးကို ၁၉၉၉ ခုနှစ် ဧပြီလ ၄ရက်မှ ၆ရက်အထိ ကျင်းပရာ တစ်သက်တွင် တစ်ခါကြုံကြိုက် ဖူးမြင်ရနိုင်ခဲ့သည့် အခမ်းအနားကြီးပင်ဖြစ်သည်။ (ဝဲပုံ) ရွှေတိဂုံစေတီတော်တွင် တင်လှူပူဇော်ခဲ့သော စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဖူးမြင်ရစဉ်။ (အောက်ပုံများ)

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)





အေးချမ်းစည်ပင် မြန်ပြည်တစ်ခွင် ရေသဘင်ပွဲ မြိုင်မြိုင်သဲ ဆင်နွှဲပျော်ကြ ရှုမဝ

အလှည့်ကျရေပက်ခံရန် တန်းစီစောင့်ဆိုင်း

ဧပြီ၁၆ရက် မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့၊ လသာမြို့နယ် အနော်ရထာလမ်းမပေါ်၌ ပျော်ရွှင်စွာ ရေကစားနေကြသူများနှင့် အလှည့်ကျ ရေပက်ခံရန် စည်းကမ်းတကျ တန်းစီစောင့်ဆိုင်းနေကြသည့် ရေပက်ခံကားများကို တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ပျော်ရွှင်စွာ ရေပက်ကစား

ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့က ၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ အဆို၊အကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေနေကြသည်ကို ဤသို့တွေ့ရသည်။(ယာပုံ)နှင့် ဧပြီ၁၆ ရက်မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့ ရေကစားမဏ္ဍပ်တွင် စည်းကမ်းတကျနှင့် ပျော်ရွှင်စွာ ရေပက်ကစားနေကြသူများ၊ ရေပက်ခံကားများကို တွေ့ရစဉ်။ (အောက်ပုံ)

ဓာတ်ပုံ-သိန်းဝင်းကြီး(ကြေးမုံ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❀ ရှေ့ဖုံးမှ

နဝရတ်ကိုးပါး ရတနာငွေကြုတ်ကို အုတ်မြစ်တော်အလယ်ဗဟို၌ မြှုပ်နှံပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက မင်္ဂလာအချိန်ကျရောက်သည်နှင့် နဝရတ်ကိုးပါး ရတနာအုတ်များကို သတ်မှတ်နေရာ အသီးသီးတို့၌ ပြိုင်တူစီထား မြှုပ်နှံပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက မော်ကွန်းကမ္ပည်းကျောက်စာကို အုတ်မြစ်တော်အလယ်တွင် ဖုံးအုပ်ပေးကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းအချိန်တွင် မင်္ဂလာအခါတော်ပေး ဆရာကြီး ဦးကျော်က စိဋ္ဌာမဏိ မန္တန်တော်ကို ရွတ်ဆိုပူဇော်ပေးပြီး မင်္ဂလာစည်တော်အဖွဲ့က "ရွှေဘုန်းတော်တိုး ရတနာမိုး ဘုန်းတော်ဘွဲ့"ဖြင့် တီးမှုတ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းခန်းမ၌ အေစီအီး ဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ ဦးတင့်ဆန်းက ကျောက်တန်းမြို့နယ် အားကစားခန်းမကို အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေနှင့် ရှေ့မျက်နှာစာတွင် အလျားပေ ၃၀၊ အနံပေ ၂၀ရှိ အဝင်မုခ်ဦး အပါအဝင် ခေတ်မီဒီဇိုင်းပုံစံဖြင့် အားကစားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့်တည်ဆောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေးဆွဲတင်ပြထားသည့် ခေတ်မီဒီဇိုင်းပုံစံအတိုင်း အားကစားခန်းမကို အချိန်မီ တည်ဆောက် ဖွင့်လှစ်နိုင်ရေး စနစ်တကျကြီးကြပ် ဆောင်ရွက်သွားကြရေး မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်သို့ ရောက်ရှိရာ စေတီတော်ဂေါပက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ရှိ ဆုတောင်းပြည့် ငါးစပ်ဘုရားကို ပန်းဆီမီးတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကျိုက်မှော်ဝန်း ရေလယ်စေတီတော် ဂေါပကအဖွဲ့က ကျိုက်မှော်ဝန်း ရေလယ်စေတီတော်၏ ဘက်စုံတည်ဆောက်ပြုပြင်မွမ်းမံမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျိုက်မှော်ဝန်း ရေလယ်စေတီတော်အတွက် အလှူငွေများကို စေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ရှိ ရှင်ဥပဂုတ္တ မထေရ်မြတ်အား ဖူးမြော်ကြည်ညိုပြီး ရှင်ဥပဂုတ္တမထေရ်မြတ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းမြို့နယ် အားကစားခန်းမ အဆောက်အအုံသစ် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားတွင် မော်ကွန်းကမ္ပည်းကျောက်စာကို အုတ်မြစ်တော်အလယ်တွင် ဖုံးအုပ်ပေးစဉ်။ (သတင်းစဉ်)

ကျောက်တန်းမြို့ အီလက်ထရောနစ် စာကြည့်တိုက်တွင် ပညာရပ်ဆိုင်ရာ စာအုပ်များ အပါအဝင် စာအုပ် စုစုပေါင်း ၁၇၂၈၁ အုပ်၊ စီဒီကတ် ၄၃၁ ခု၊ ကွန်ပျူတာနှင့် တီဗွီများ ထားရှိပေးထားပြီး နေ့စဉ် စာအုပ်ငှားရမ်းသူများ၊ စာဖတ်သူများ၊ ကွန်ပျူတာလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

မေးမြန်း

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောက်တန်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကို တွေ့ဆုံ၍ ကျောက်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အခြေအနေကို မေးမြန်းသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က ကျောက်တန်းမြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် လိုအပ်မှုများကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မြို့နယ်ဌာနဆိုင်ရာ အားလုံးသည် မိမိတို့တာဝန်ယူနေကြရသည့် မြို့နယ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု ရရှိလာကြစေရန် မပြတ်လေ့လာ တီထွင်ကြံဆ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

ကွင်းဆင်းဆောင်ရွက်

ထို့ပြင် နိုင်ငံတော်က ချမှတ်ပေးထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ပါ လုပ်ငန်းကဏ္ဍများအလိုက် အောင်အောင်မြင်မြင် ဖြစ်ထွန်းစေရအောင် ကျေးလက်ဒေသအရောက်ဆင်းပြီး စေတနာအား၊ ဝီရိယအား ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

မိမိတို့ မြို့နယ်များတွင် ပညာရေး၊ ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ စည်ပင်သာယာရေး စသည် ကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသည့် ကော်မတီများ စုပေါင်းညီညွတ်သည့် စွမ်းအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် မြို့နယ်များ၏ ဖွံ့ဖြိုးမှုများ အလျင်အမြန် ဖြစ်ထွန်းလာနိုင်မှာဖြစ်ကြောင်း။

ပြည်သူများအင်အားရယူ

မိမိတို့ မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများ အပါအဝင် ပြည်သူများ၏အင်အားကို ရယူပေါင်းစပ်ပြီး မှန်ကန်သော ဦးဆောင်မှုဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး အသစ်တည်ဆောက်လျက်ရှိသည့် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာရှိ အသစ်တည်ဆောက်နေသော အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စံကျောင်းတော်နှင့် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ကမ်းပါး ပိုမိုခိုင်ခံ့ရေးအတွက် ရေတားနံရံ အုတ်စီထားမှုနှင့် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုများကို မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောက်တန်းမြို့ အီလက်ထရောနစ်စာကြည့်တိုက်သို့ ရောက်ရှိကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အေ-စီ-အီး ဆောက်လုပ်ရေး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးတင့်ဆန်းက အီလက်ထရောနစ်စာကြည့်တိုက် တည်ဆောက်မှုလုပ်ငန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားပြီး အီလက်ထရောနစ် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များ သန်လျင် ကျိုက်ခေါက်ဘုရား ဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ၂၀၀၄ခုနှစ် ရန်ကုန်မြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ရောက်ရှိနေသော နယ်စပ်ဒေသ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် မဟာသင်္ကြန် အတက်နေ့ဖြစ်သော ယနေ့ နံနက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဈေး အတာရေသဘင်မဏ္ဍပ်သို့ သွားရောက်၍ စုပေါင်းယိမ်းအကများဖြင့် ကပြဖျော်ဖြေပြီး ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးထွန်းဦး လိုက်ပါလျက် သန်လျင် ကျိုက်ခေါက်ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့တော်ဝန် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်မဏ္ဍပ်ပိတ်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ဆင်နွှဲခဲ့ကြသည်။ (သတင်းစဉ်)

နှစ်သစ်မင်္ဂလာ ကြိုဆိုပါစို့

ရော်ရွက်တွေ မြေမှာကြဲ
ဝေ့ဝဲလို့ ကြွေကြွေကြွေ
ရွက်နုဝေ ပုရစ်ဖူး
မြူးသစ်ဝေဝေ၊
ပိတောက်က ဝါဝါရွှေ
ငှရွှေက ဝေနေဆဲ
ကြေးညော်တွေ ရောင်သွေဖဲ
အနိဋ္ဌ မိစ္ဆာရဲ့
သင်္ကြန်ရေ အတာစဲ
နှုတ်ဆက်သည့်ပွဲ။

ခေါင်းလျှော်ကာ လက်သည်းလှီး
မငြီးတဲ့ လူငယ်တွေ
သပ္ပာယ်စေ ဘုရားတန်ဆောင်း
ရေလောင်းလှူပေ၊
ဥပုသ်နှင့် သီလဖြူစေ
ကျောင်းဇရပ်တွေ စည်စည်ကား
ငါးလွှတ်ကာ သဒ္ဓါတရား
ဘေးမဲ့အလှူ ကုသိုလ်ပွား
ရှင်ပြုကာ ဒုလ္လဘအများ
ဖြောစည်သံ ပြည်ထောင်တစ်လွှား
ခြိမ့်ခြိမ့်စည်ကား။

မေတ္တာဝေ အေးမြမြ
လောင်းပက်ကြ သီတာရေ
ငြိမ်းချမ်းစေ အေးနိမိတ်
အတိတ်ဖြာဝေ၊
အေးချမ်းလို့ ခေတ်မီပါစေ
တောင်းဆုခြွေ မေတ္တာထား
ဖွံ့ဖြိုးသာ ပြည်ရွာအများ
ကမ္ဘာရွာ ငြိမ်းစေသား
နှစ်သစ်ကို မင်္ဂလာပွား
ကြိုကြစို့လား။ ။

ကျော်စောဟန်

❀ ကျောက်တန်းမြို့မှ

ရွတ်ပွား သရဏ္ဍာယ်ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မိသားစုတို့က ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဥက္ကဋ္ဌာရာမကျောင်းတိုက် အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိန်က "အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီး" ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ကျောက်တန်းမြို့ မင်းကျောင်းစာသင်တိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရက အနုမောဒနာ တရားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပသည့် "အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီး"ကို မိဘများဖြစ်ကြသော ဦးဘညွန့်-ဒေါ်စိန်ရှင်တို့အား အမှူးထား၍ ဒေါ်အေးမြင့်၊ ဦးထွန်းအုံ-ဒေါ်တင်မြင့်၊ ဦးစိန်ထွန်းအောင် - ဒေါ်ထွေးညွန့်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်-ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မိသားစုတို့နှင့် ခုနစ်ရက်သားသမီးအပေါင်းတို့၏ သဒ္ဓါရှင်လန်းလှူဒါန်းမှုအစုစုဖြစ်သော အလှူတော်ငွေကျပ် ၈၅သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ဥက္ကဋ္ဌာရာမ ကျောင်းတိုက်ရှိ အေးငြိမ်းချမ်းသာ မဟာမင်္ဂလာ သိမ်တော်ကြီးကို တွေ့ရစဉ်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်၍ ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့အနောက်ပိုင်းရပ်ကွက် ဥက္ကဋ္ဌာရာမကျောင်းတိုက်ရှိ အေးငြိမ်းချမ်းသာမဟာမင်္ဂလာသိမ်တော်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားတွင် မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



✻ ၁၃၆၅ ခုနှစ်မှ

အေးချမ်းပျော်ရွှင်စွာ ရေကစားကြရာတွင် မဟာသင်္ကြန်အတက်နေ့ဖြစ်သည့်အလျောက် တစ်နေကုန်မမောတမ်း ရေကစားကြသည်။

အထူးသဖြင့် ရန်ကုန်မြို့တော်၏ အစည်ကားဆုံးရေကစားရာ နေရာများဖြစ်သည့် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် ပြည်လမ်းတစ်လျှောက်၊ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်တို့တွင် ရေပက်ခံမော်တော်ယာဉ်များ၊ ခြေကျင်လျှောက် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အထူးစည်ကား

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင်၌ အစည်ကားဆုံးဖြစ်သည့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း၊ ရန်ကင်းလမ်းနှင့် စက်မှု(၁)လမ်းတို့တွင်လည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်းမကြီးနှင့် သမိန်ဗရမ်းလမ်းမကြီးတို့၌လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီး၊ ရေကျော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်တို့၌ လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း၊ သံသုမာလမ်းတစ်လျှောက်တို့၌ လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းတစ်လျှောက်၌လည်းကောင်း ရေကစားမဏ္ဍပ်များဖြင့် ရေကစားကြသူများ၊ ခြေကျင်လျှောက်ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ယင်းသို့ သင်္ကြန်ချစ်ပြည်သူအများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြရာတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် အဆင့်ဆင့်သော တာဝန်ရှိအဖွဲ့အစည်းများ၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီတို့၏ နှိုးဆော်မှု၊ ကြီးကြပ်ကွပ်ကဲမှု၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ ကုမ္ပဏီလီမိတက်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ လူမှုရေးအသင်းအဖွဲ့များ၏ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ စီစဉ်ဆောက်လုပ် ရေကစားမှု၊ ပြည်သူအများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ အေးချမ်းပျော်ရွှင်စွာ ရေကစားမှုတို့ကြောင့် "၁၃၆၅ခုနှစ် မဟာသင်္ကြန်"သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရကို ဖော်ဆောင်နိုင်ခဲ့သည်။

ထို့အတူ မဟာသင်္ကြန်ကာလတွင် ရန်ကုန်မြို့တော် မြို့နယ်အသီးသီးရှိ ရပ်ကွက်များ၌ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ရပ်ကွက်နေပြည်သူအများ စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်ရေးအတွက် ရပ်ကွက်လုံခြုံရေး၊ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးတို့အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ရပ်ကွက်ပြည်သူများနှင့်လက်တွဲကာ အခါမလပ်ကြီးကြပ်ဆောင်ရွက်ခဲ့သည့်အတွက် ရပ်ကွက်နေပြည်သူများ ၁၃၆၅ခုနှစ် မဟာသင်္ကြန် ရေသဘင်ပွဲကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ခဲ့ကြသည်။

နှစ်သစ်မင်္ဂလာ

ယခုနှစ် မဟာသင်္ကြန်ကာလတစ်လျှောက် သင်္ကြန်ချစ်သူပြည်သူအများ အေးချမ်းပျော်ရွှင် စည်းကမ်းကျနစွာ ရေကစားကြသကဲ့သို့ သင်္ကြန်ချစ်သူပြည်သူများအား တေးဂီတများဖြင့် ဖျော်ဖြေကြသော ဂီတ၊ ရုပ်ရှင်၊ ဗီဒီယိုအနုပညာရှင်များကလည်း မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဖျော်ဖြေခဲ့ကြသည်။

ယင်းကဲ့သို့ ပြည်သူများ သင်္ကြန်ရေကစားကြသကဲ့သို့ မြို့နယ်အသီးသီးရှိ ရပ်ကွက်များ၊ လမ်းများ၌ စုပေါင်း ဒုလ္လဘ ရဟန်းခံ ရှင်ပြုပွဲ၊ သီလရှင်ဝတ်ပွဲများ၊ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲများ၊ နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲများ၊ မြန်မာ့ရိုးရာ အစားအစာများ၊ စတုဒိသာဒါနအဖြစ် ကျွေးမွေးလှူဒါန်းပွဲများ စသည့် ကုသိုလ်ပုညဒါနပြုခြင်းတို့ဖြင့် နှစ်သစ်မင်္ဂလာကို ကြိုဆိုကြသည်။

ကြိုဆို

ဤကဲ့သို့ ၁၃၆၅ခုနှစ် မဟာသင်္ကြန်ကာလတွင် ကုသိုလ်ပုည လုံ့လပြုမှုဆောင်ရွက်ကြကာ ကြည်လင်အေးမြသောရေဖြင့် အတာရေ ပက်ဖျန်းကြခြင်းဖြင့် ပြည်သူအများကုန်ဆုံးခဲ့သည့် နှစ်ဟောင်း၏ အညစ်အကြေးများကင်းစင်ကာ လူသစ်စိတ်သစ် အင်အားသစ်ဖြင့် လာမည့်မြန်မာနှစ်သစ် ၁၃၆၆ ခုနှစ်ကို လန်းဆန်းတက်ကြွစွာ ကြိုဆိုလျက်ရှိကြသည်။(သတင်းစဉ်)

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် အတက်နေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းတစ်လျှောက်တွင် ရေပက်ခံကားများနှင့် စည်ကားစွာ တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတွဲမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ တာဝန်ရှိသူများအား ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတွဲမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့ မြို့မဝေဠုဝန် ပရိယတ္တိစာသင်တိုက်သို့ ဧပြီ ၁၅ရက် နံနက်ပိုင်းတွင် ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

သံတွဲမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညို၍ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နံတော်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒမဠ္ဍု အမှူးပြုသော သံတွဲမြို့နယ် ဘုန်းတော်ကြီးကျောင်းကိုးကျောင်းမှ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းမောင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သံတွဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နံတော်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒမဠ္ဍုထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် သံတွဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နံတော်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒမဠ္ဍုအား ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချတရားချီးမြှင့်

ယင်းနောက် သံတွဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နံတော်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒမဠ္ဍုက အနုမောဒနာနှင့် ရေစက်ချတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံတွဲမြို့နယ်ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်လှူဒါန်းပွဲတွင် ဆွမ်းဆန်တော်အိတ် ၁၀၀၊ ဆီပိဿာ ၅၀၊ သင်္ကန်းပရိက္ခရာ ကိုးစုံ၊ ဆေးဝါးမျိုးစုံငွေကျပ် တစ်သိန်းဖိုးရှိ လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ရာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မွန်းလွဲ ၁၂နာရီခွဲတွင် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့်တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံ တောင်သူဦးကြီးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆွေးနွေးမှာကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအချက်များဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး အင်အားတောင့်တင်းမှု ရှိစေရေးမှာ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အထူးအလေးထားပြီး ဆောင်ရွက်ရမည်ဖြစ်ရာ နိုင်ငံတော်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် စီမံကိန်းများ ချမှတ်၍ သတ်မှတ်ပေးထားကြောင်း၊ ရခိုင်ပြည်နယ်တွင် တိုးချဲ့စိုက်ပျိုးရန် လျာထား သတ်မှတ်ပေးထားသော လယ်မြေများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အလားတူပင် နွေစပါး စိုက်ဧကများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်က သတ်မှတ်ထားသော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းများအား အဓိကစိုက်ပျိုးပြီး ဒေသနှင့်ကိုက်ညီသည့် အခြားပဲများကိုလည်း စိုက်ပျိုးနိုင်ကြောင်း၊ ဆီထွက်သီးနှံများအဖြစ် မြေပဲနှင့် နှမ်းအပြင် ဒေသနှင့်ကိုက်ညီသည့် ဆီမုန်ညင်းများကိုလည်း တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နှစ်ရှည်ပင်အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် သစ်ဆိမ့်ပင်များကိုလည်း စံကွက်များဖြင့်လည်းကောင်း၊ တစ်ပိုင်တစ်နိုင်အနေဖြင့် လည်းကောင်း၊ စိုက်ပျိုးကြစေလိုကြောင်း နိုင်ငံတော်၏ စားသုံးဆီဖူလုံရေးအတွက် သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးကြရန် လိုအပ်ကြောင်း။

ပင်လယ်ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ကြစေလိုကြောင်း၊ ယင်းမွေးမြူရေးလုပ်ငန်းများအပြင် ပြည်သူအားလုံး ဆောင်ရွက်နိုင်သော၊ ဝင်ငွေတိုးနိုင်သော ဒေသကြက်မွေးမြူရေးကို တစ်ပိုင်တစ်နိုင်အဖြစ် အိမ်တိုင်းတွင် ကြက်၁၀ကောင် မွေးမြူနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုးချဲ့ဆောင်ရွက်

ပြည်နယ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်၍ ရခိုင်ပြည်နယ်ကို နိုင်ငံတော်၏ အဓိကအားထားရသော တိုင်းကြီး ခြောက်တိုင်းနည်းတူ နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာရေးကို ဖြည့်ဆည်းပေးနိုင်သည့် အဓိကပြည်နယ်အဖြစ် ရပ်တည်နိုင်ရေးအတွက် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

နှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ပရိသတ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက်၌ တရားပွဲများကျင်းပမည်

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်တွင် ညစဉ် ၇နာရီမှစ၍ တရားပွဲများကျင်းပမည်ဖြစ်ရာ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)၌ တိပိဋကဓရ တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဓမ္မဘဏ္ဍာဂါရိက အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဧပြီ ၁၈ရက်၌ အရှင်သုစိတ္တ(နေနတ်သားစာသင်တိုက်)၊ ဧပြီ ၁၉ရက်၌ အရှင်နာရဒပတိ (ဖြူးဆရာတော်)တို့က တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ (က-ပ)

မန္တလေးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဒုတိယအကြတ်နေ့ ကျုံးတော်ပတ်လည်တစ်လျှောက် တိုးမပေါက်အောင် စည်ကား

ရန်ကုန် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် သင်္ကြန်ဒုတိယအကြတ်နေ့၊ ဧပြီ ၁၅ရက်တွင် သင်္ကြန်ရေသဘင်ပွဲတော် ဆင်နွှဲကြသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အစဉ်အလာ အမွေအနှစ်ကောင်းများကို ထိန်းသိမ်းကာ သင်္ကြန်အလှပန်းဖြစ်သော ပိတောက်ပန်းများ ပင်လုံးကျွတ်ဝေဆာစွာ ရွှေရည်ကူးပြီး ဖူးပွင့်သောကြောင့် သင်္ကြန်ပွဲတော် နွှဲပျော်သူလှပျိုဖြူတိုင်း ပိတောက်ပန်းများကိုယ်စီ အဆို၊ အတီး၊ အကတို့ဖြင့် ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးမြို့ ကျုံးတော်ကြီးပတ်ပတ်လည် လမ်းတစ်လျှောက်တို့၌ သင်္ကြန်ပထမအကြတ်နေ့ထက် ပိုမိုစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

သင်္ကြန်ဒုတိယအကြတ်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိများနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ စည်ပင်သင်္ကြန် မိသားစုဝင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ တေးသံရှင်များသည် ကျုံးတောင်ဘက်ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစုရေသဘင်မဏ္ဍပ်ဖြစ်သည့်နန်းမြို့သူရေကစားမဏ္ဍပ်မှစတင်၍မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ မန္တလေး ချမ်းအေးသာစံမြို့နယ် ချမ်းအေးမန္တလာ ဆုပေးမဏ္ဍပ်၊ Fantasy ရေကစားမဏ္ဍပ်တို့မှတစ်ဆင့် ကျုံးအရှေ့ဘက်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိသားစုရေကစားမဏ္ဍပ်၊ မြန်မာ့သစ်လုပ်ငန်း ကျွန်းရွှေဝါ ရေကစားမဏ္ဍပ်နှင့် ကျန်းမာရေးမိသားစုရေကစားမဏ္ဍပ် အစရှိသည့် ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များနှင့် ပုဂ္ဂလိကရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကာ မဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ကျုံးပတ်ပတ်လည်ရှိ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကများ၏ ရေကစားမဏ္ဍပ်များမှ သမီးပျိုယိမ်းအဖွဲ့များက ခေတ်ပေါ်တေးဂီတ အဖွဲ့နှင့်တွဲဖက်၍ မန္တလေးသင်္ကြန်ပွဲကို ချစ်မြတ်နိုးသည့် နိုင်ငံကျော်ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနှင့်အတူ မဟာသင်္ကြန်ပွဲတော် သီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများကို သင်္ကြန်ချစ်သူများအကြိုက် သီဆိုကပြဖျော်ဖြေ တင်ဆက်ကြပြီး ကြည်လင်အေးမြ ပြည့်လျှံနေသော ကျုံးတော်ကြီးရေဖြင့် ရေပက်ကစားကြရာ ညမိုးချုပ်သည်အထိ ယဉ်ကျေးပျော်ရွှင်စွာ ဆင်နွှဲကြသည်ကို တွေ့မြင်ရသည်။ ထို့ပြင် သင်္ကြန်ရေကစားမဏ္ဍပ်များကလည်း သင်္ကြန်ပွဲတော်လာ ဧည့်သည်တော်များအား ရွှေရင်အေး၊ ကြာဆံဟင်း၊ အအေးတို့ဖြင့် ဧည့်ခံကျွေးမွေး၍ သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့ပြင် ကျုံးပတ်လည်ရှိ ဌာနဆိုင်ရာနှင့် မြို့နယ်ဆုပေးမဏ္ဍပ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရေကစားသင်္ကြန်မဏ္ဍပ်များရှေ့၌ သင်္ကြန်ပွဲ ဆင်နွှဲကြသည့် သင်္ကြန်ချစ်သူ ပရိသတ်များ တိုးမပေါက်အောင် စည်ကားလှသည်။

ကြည့်ရှု

သင်္ကြန် ဒုတိယအကြတ်နေ့ ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်က ပြိုင်ပွဲဝင် အလှပြယာဉ်များကို စိစစ်အကဲဖြတ်လျက်ရှိပြီး စည်ပင်သင်္ကြန် လှပျိုဖြူများက မန်းစည်ပင်တေးဂီတနှင့် တွဲဖက်၍ အဆို၊ အတီး၊ အကများဖြင့် ဧည့်ခံဖျော်ဖြေ၍ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များကလည်း သင်္ကြန်တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း နှင့်ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့်ဇနီး၊ စည်ပင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ် ဆုပေးမဏ္ဍပ်များ၌လည်း ပြိုင်ပွဲဝင် အလှပြယာဉ်များကို စိစစ်အကဲဖြတ်လျက်ရှိပြီး အဆို၊ အတီး၊ အကများဖြင့် ဖျော်ဖြေကြသော မဏ္ဍပ်များရှေ့၌လည်း အားပေးကြည့်ရှုကြသည့် သင်္ကြန်ချစ်သူပရိသတ်များ တိုးမပေါက် အထူးစည်ကားလျက်ရှိသည်။ (သတင်းစဉ်)

နှစ်သစ်လက်ဆောင်

ယုဝတီခင်ဦး

အတာသဘင် ယဉ်ယဉ်ကျေးကျေး-- ရေစင်အေးအေး ဖျန်းခဲ့ပြီ၊ ယခုတစ်ဖန် နှစ်သစ်မင်္ဂလာမဟာဦး၊ လတန်ခူးဝယ် သာစွကြေးစည်-- ဒူဝေမြည်လျက်ရှိလေပြီ။

သင်္ကြန်မတိုင်မီကဆိုလျှင် အချို့သော မလုံ့တလုံ ဝတ်စားဆင်ယင်ကြသည့် မိန်းကလေးများကို မြင်ပြီး သင်္ကြန်ကာလတွင် ထိုထက်ပို၍ ကဲကြမည်ဆိုပါက ဖြောင်းဆန်ကြပေဦးတော့မည်ဟု စိုးရိမ်စိတ် ကြီးခဲ့မိသည်။ သတင်းစာများတွင် **"အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းပါ၊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ"** ဟူသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နှိုးဆော်ချက်ကို ဖတ်လိုက်ရမှ လိုက်နာကြတန်ကောင်းပါရဲ့ဟု တွေးတောပြီး စိတ်ဖြေရသည်။

မဟာသင်္ကြန်ကာလတွင် နိုင်ငံတစ်ဝန်း၌ ပျော်ရွှင်စွာ ရေကစားကြသူများ၊ ဘုရားကျောင်းကန် သွားလာကြသူများဖြင့် စည်ကားသိုက်မြိုက်လှသည်။ စည်းကမ်းလိုက်နာကြသည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာရေဖြင့် အေးချမ်းစေနိုင်ကြသည်။ စည်းကမ်းသတ်မှတ်ပေးသူများ၊ ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်ပေးကြသူများနှင့် ကိုယ်တိုင်လိုက်နာကြသူများ အားလုံးကို ကျေးဇူးတင်ရသည်။ **တို့နိုင်ငံသားတွေဟာ စည်းကမ်းနှင့်အညီ ကျင့်ကြံနေထိုင်ကြရာတွင် အစဉ်အလာကြီးသူများ၊ စံထားလောက်သူများပေကိုးဟု ဂုဏ်ယူဝင့်ကြွားမိပါသည်။ လာမည့်နှစ်ကူးမဟာသင်္ကြန်တွင်လည်း ယခုထက်ပို၍ စည်းကမ်းတကျပျော်ရွှင် ချမ်းမြေ့နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းမိပါသည်။**

အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်မှာ လောကဓမ္မတာ ဖြစ်သည်။ သို့သော် အကောင်းကိုသာ လိုလားကြသည်မှာ လူ့သဘာဝဖြစ်သည်။ အကောင်း၊ အဆိုးဟူသော အကျိုးတရားသည် မိမိကိုယ်တိုင်၏ လုပ်ရပ်တည်းဟူသော အကြောင်းတရားမှ ပေါက်ဖွားလာသည်ကိုမူ သတိပြုရမည်ဖြစ်ပါသည်။ မိမိနှင့် မိသားစုအတွက်ဖြစ်စေ၊ နိုင်ငံတော်အတွက်ဖြစ်စေ တစ်နေ့ထက် တစ်နေ့ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားကြရန်နှင့် အတိတ်ကို ပြန်လည်သုံးသပ်ရန် ပစ္စုပ္ပန်တွင် နည်းမှန်စနစ်မှန်ဖြင့် အစွမ်းကုန် အားထည့်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ယနေ့သည် နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းသော နေ့ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ နှစ်ဟောင်းတွင် ဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ပြန်လည် သုံးသပ်ကြမည်ဆိုလျှင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးသည် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ခဲ့သဖြင့် ဘက်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။

နိုင်ငံတော်သည် ရှေးယခင် ကာလများကထက် ဘက်ပေါင်းစုံတွင် တိုးတက်လာပုံများကို သတင်းစာနှင့် ရုပ်မြင်သံကြားတို့တွင် ပေါ်လွင်ထင်ရှားစွာ တွေ့မြင်နေရသည်။ ဆည်မြောင်းတာတမံများ၊ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ၊ ဘုရားကျောင်းကန်၊ စေတီပုထိုးစသော သာသနိက အဆောက်အအုံများ၊ ဆေးရုံနှင့်ဆေးပေးခန်းများ၊ တက္ကသိုလ် ကောလိပ် စာသင်ကျောင်းများ၊ လမ်းတံတားအဆောက်အအုံများ၊ ဆန်းသစ်လာသောဆက်သွယ်ရေးပစ္စည်းများ စသည့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဒေသအနှံ့တွင် တွေ့မြင်နေရပေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကိုလည်း ထူးထူးခြားခြား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊ အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်တို့ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဘဝလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးခြင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့်ဆောင်ရွက်ခြင်း စသည်တို့ကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသား ညီအစ်ကိုများသည် ပြည်ပသွေးထိုးမှု ပယောဂကြောင့် အထင်မှား အမြင်မှားဖြစ်ပြီး လက်နက်ကိုင် တောခိုခဲ့ကြသည်။ စေ့စပ်၍မရနိုင်ဘဲ နှစ်ပေါင်းများစွာ ပြည်တွင်းစစ် မီးတောက်ခဲ့ရသည်။ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက်နိုင်ဘဲ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ ယခုမူ နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သဘောပေါက်ပြီး တောတွင်းလက်နက်ကိုင် အဖွဲ့အစည်း (၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော် အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

ထူးခြားလေးနက်သည့်ဖြစ်ရပ်မှာ လွန်ခဲ့သည့်နှစ်အတွင်းတွင် တိုင်းရင်းသားအဖွဲ့ အတော်များများသည် နိုင်ငံတော်ဝန်ကြီးချုပ်အား လာရောက်တွေ့ဆုံကြသည်။ အမျိုးသားညီလာခံကို တက်ရောက်ကြမည်ဟု ထုတ်ဖော်ပြောဆိုကြသည်။ အပြုံးကိုယ်စီဖြင့် ချစ်ခင်ရင်းနှီးစွာ ပြောဆိုဆက်ဆံကြပုံကို တွေ့ရသည်။ သံသယများ ကင်းစင်လွင့်ပျောက်သွားသည့် လက္ခဏာများဖြစ်သည်။ ဝမ်းသာစရာမြင်ကွင်းပါပေ။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဝိုင်းဝန်းဖော်ဆောင်ကြမည် ဖြစ်သည်။

အီရတ်နိုင်ငံတွင် ကျူးကျော်ခံ စစ်ဘေးစစ်ဒဏ်ကြောင့် အသက်အိုးအိမ်၊ စည်းစိမ်များစွာ ဆုံးရှုံးရပုံ၊ တကြောင့်ကြကြဖြင့် ကျီးလန့်စာစားနေကြရပုံ အနိဋ္ဌာရုံမြင်ကွင်းများကို သတင်းစာများတွင် တွေ့ရသည်။ မြန်မာနိုင်ငံတွင်မူ စစ်ရေး မက်ရေး ကင်းရှင်းနေသဖြင့် တည်ငြိမ်အေးချမ်းပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်နေပုံကို ကိန်းဂဏန်းအချက်အလက်၊ အကိုးအထောက် ပြည့်စုံစွာ ဖတ်ရှုတွေ့မြင်ခဲ့ရသည်။ ယင်းအချက်သည်လည်း စစ်နှင့်ငြိမ်းချမ်းရေး၏ သဘော သဘာဝကို သင်ခန်းစာယူဖွယ်ဖြစ်သည်။ ဝင်ရောက် စွက်ဖက်ကျူးကျော်တတ်သော နယ်ချဲ့အန္တရာယ်ကို မျက်ခြည်မပြတ် ဂရုစိုက်၍ ဝိုင်းဝန်းကာကွယ်ကြရန် ဖြစ်သည်။

နှစ်ဟောင်းက လွန်ခဲ့ပြီ၊ နှစ်သစ်ဆိုသည်မှာ နှစ်ဟောင်းထက် မြင့်သည်ထက်မြင့်မားရမည်။ တစ်နှစ်ထက် တစ်နှစ် နှစ်သစ်ဦးမှစ၍ မမေ့မလျော့ မပေါ့ဆဘဲ စေတနာအပြည့်၊ သစ္စာအပြည့်ဖြင့် စနစ်တကျ စည်းကမ်းတကျ ပေးအပ်သော တာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆောင်ရွက်ပါလျှင် **"ကမ္ဘာမကြေ၊ မြန်မာပြည်၊ တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ"** ဟူသော နိုင်ငံတော်၏ အမျိုးသားသီချင်းကို ဂုဏ်ပြုရာ၊ ပံ့ဖော်ရာရောက်ပါသည်။

နှစ်သစ်ကား ရောက်လာလေပြီ။ နှစ်ကူးတိုင်း မိမိကိုယ်ကို ဆန်းစစ်ကြည့်ကာ မိမိနိုင်ငံတော်ကိုလည်းချစ်၊ မိမိကိုယ်ကိုလည်းချစ်ပြီး တိုးတက်ဖွံ့ဖြိုးမှု နည်းစနစ်တွေ ပိုမိုမြင့်မားရှင်သန်ရန် ဆတက်ထမ်းပိုး ကြိုးစားကြရမည်ဟု ယုံကြည်မိပါသည်။ တူမလေး နွယ်နီသည် သူ့ဆရာမ နှစ်ယောက်ကို နှစ်သစ်ကူးတွင် သွားရောက်ကန်တော့ရာ ကျောင်းအုပ်ဆရာမကြီး တစ်ဦးက စာရွက်ကလေး တစ်ရွက်ကို လက်ဆောင်အဖြစ်ပေးလိုက်၍ ဝမ်းမြောက်ဝမ်းသာ လာပြသည်။

နှစ်သစ်ကူးမှစ၍

(၁) ကိုယ့်နိုင်ငံကို ပို၍ပို၍ ချစ်ပါ။
(၂) ကိုယ့်ထက်သာသူကို မုဒိတာစိတ်ထားပါ။
(၃) စည်းကမ်းစနစ်ကျနစွာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကျရာတာဝန်များကို အောင်မြင်အောင် ထမ်းဆောင်ပါ။
(၄) လောဘ၊ ဒေါသ၊ မောဟ စိတ်များကို ရှောင်ကြဉ်ပါ။
(၅) တစ်ဦးနှင့်တစ်ဦး မေတ္တာထားပါ။
(၆) သစ္စာတရား၊ သဒ္ဓါတရား၊ ဉာဏ်ပညာတရားတို့ဖြင့် မိမိကိုယ်ကို စောင့်ရှောက်ပါ။
(၇) ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားညှာတာ၍ လက်တွဲခေါ်ယူပါ။

ကျွန်မသည် တပည့်ချစ်ကို နှစ်သစ်ဦးလက်ဆောင် ပေးလိုက်သော ပညာရှင်ဆရာမကြီးအား လေးစား၍ ခင်မင်သွားပါသည်။ ။

ရန်ကုန်အရှေ့ပိုင်းခရိုင် ရေသဘင်ပွဲတော်စည်ကား

ရန်ကုန် ဧပြီ ၁၆

၁၃၆၅ခုနှစ် ရန်ကုန်အရှေ့ပိုင်းခရိုင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို သင်္ကြန်အတက်နေ့ ယနေ့နံနက်ပိုင်းတွင် ခရိုင်အတွင်းရှိ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲကို အားပါးတရ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲလျက်ရှိကြရာ ခရိုင်အတွင်း ရေကစားမဏ္ဍပ် စုစုပေါင်း ၂၉၁ခုတို့ဖြင့် အရှေ့ပိုင်းခရိုင်မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများအား မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအကတို့ဖြင့် သီဆိုကပြ ဧည့်ခံဖျော်ဖြေကြသည်။ **(အောက်ပုံ)**

အဆိုပါ ဧည့်ခံဖျော်ဖြေရာ ရေကစားမဏ္ဍပ်များသို့ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန် နှင့် အဖွဲ့ဝင်များ၊ မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ခရိုင်အတွင်းရှိ ရေကစားမဏ္ဍပ်များသို့လှည့်လည်ကြီးကြပ်ဆောင်ရွက်ပေးကြသည်။(က-ပ)

ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့က အင်းလျားလမ်းရှိ Grand Wynn Enterprises Ltd. မဏ္ဍပ်၌ ဝန်ထမ်းများ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။ (က-ပ)

၁၃၆၅ ခုနှစ် သင်္ကြန်အတက်နေ့က အနော်ရထာလမ်းမကြီးနှင့် ၅လမ်းထိပ် ထွန်းရွှေဝါရေကစားမဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (က-ပ)

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဧပြီ ၁၆

၂၀၀၄ခုနှစ် ဧပြီ ၁၆ရက် မြန်မာစံတော်ချိန် ဝ၈နာရီ ၃၈မိနစ်ဝ၆စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၁၆၅၂မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဧပြီ ၁၆

၂၀၀၄ခုနှစ် ဧပြီ ၁၆ ရက် ယနေ့မြန်မာစံတော်ချိန် ၁၄နာရီ ၁၄ မိနစ် ၂၂စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ မြောက်ဘက် ၂၂၇မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာ သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၄-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ မြန်မာသင်္ကြန်
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဆရာတော်ဦးဃောသိတတရားတော် **"တဏှာသခ်ယသုတ်"**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၂၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၅။ မြန်မာသင်္ကြန်
- **၄:၄၀** ၆။ မြန်မာသံစဉ်ချိုနှားဝင်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Economic Resource Development in Myanmar (ပြည်သူ့ရေးရာ)
- **၅:၁၀** ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖားစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၂၆)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" ဒုတိယတွဲ (အပိုင်း-၈)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်ဆောင်ပနား အဆို၊ အကအဖွဲ့နှင့် မြန်မာအနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၁၆

မြန်မာနှစ်သစ်ကူးအထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်ဆောင်ပနား အဆို၊ အကအဖွဲ့နှင့် မြန်မာအနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ Sedona ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjunနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဧည့်သည်တော်ကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်ဆောင်ပနား အဆို၊ အကအဖွဲ့နှင့် မြန်မာအနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ မြန်မာနှစ်သစ်ကူး အထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်ဆောင်ပနား အဆို၊ အကအဖွဲ့နှင့် မြန်မာအနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ရေသဘင်မဏ္ဍပ် သင်္ကြန်အတက်နေ့ ပိတ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၆

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၏ သင်္ကြန်အတက်နေ့ အစီအစဉ်များကို ယနေ့ သင်္ကြန်အတက်နေ့ နံနက် ၇နာရီခွဲတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်ရှိ အဆိုပါဝန်ကြီးဌာနဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပပြီး နံနက် ၁၁နာရီ ၁၀မိနစ်တွင် ပိတ်ပွဲအခမ်းအနားကို ကျင်းပသည်။

တက်ရောက်

ယနေ့ သင်္ကြန်အတက်နေ့ အခမ်းအနားအစီအစဉ်နှင့် ပိတ်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီးဒေါ်ခင်လှလှ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာခင်ဆန်းနွယ်နှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင် ဦးညွန့်ဆွေနှင့်ဇနီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ယိမ်းအကအဖွဲ့များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်သို့ ယနေ့ နံနက် ၉နာရီမိနစ် ၂၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနားယဉ်ကျေးမှုအဖွဲ့ ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ကြိုဆိုကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုမဟာသင်္ကြန်အဖွင့်တေးသီချင်းဖြစ်သည့် "ရေစင်သီတာ တေးအလှခြွေစကား၊ ရွှေရင်ကြည်သာ အေးမြစေသား" တေးသီချင်းကို ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ယိမ်းပျိုဖြူလေးများ၏ စုပေါင်းအကနှင့်အတူ သင်္ကြန်အတက်နေ့ ဖျော်ဖြေမှုအစီအစဉ်ဖြင့် စတင် ဖွင့်လှစ်လိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ယိမ်းပျိုဖြူလေးများ၏ "မိချောတို့အဖွဲ့ အပျိုစင်မျက်ဝန်းလဲ့" တေးသီချင်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၏ "ရေစင်သီတာ တေးအလှခြွေစကား၊ ရွှေရင်ကြည်သာ အေးမြစေသား" တေးသီချင်းနှင့်အတူ ယိမ်းပျိုဖြူလေးများ၏ အက၊ အထက(၂) ကမာရွတ်သမီးငယ်လေးများ၏ "သင်္ကြန်ချိုချို" ယိမ်းအကနှင့် "မေမြူးတဲ့ ရွှေတန်ခူး" ယိမ်းအက၊ အကျဉ်းဦးစီးဌာန ယိမ်းပျိုဖြူများ၏ "ကမ္ဘာတည်စေမည့် မြန်မာတို့သင်္ကြန်" ယိမ်းအက၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ "တော်ဝင်သင်္ကြန် မြန်မာဟန်" ယိမ်းအကတို့ဖြင့် အစီအစဉ်အတိုင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေ

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က ဧည့်သည်တော်များအား နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ယိမ်းအလှ ပျိုဖြူလေးများနှင့်အတူ "နှစ်သစ်ချစ်ဦး" တေးသီချင်းဖြင့် ဖျော်ဖြေသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၏ ဇနီး ဒေါ်ခင်လှလှနှင့်အဖွဲ့က ပြည်ထဲရေးဝန်ကြီးဌာန ယိမ်းအဖွဲ့နှင့်အတူ တေးသီချင်းဖြင့် ဖျော်ဖြေသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာခင်ဆန်းနွယ်နှင့်အဖွဲ့က တေးသီချင်းများဖြင့်လည်းကောင်း၊ အထက(၂) ကမာရွတ်ကျောင်းသူလေးများ၏ ယိမ်းအဖွဲ့က လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ချီးမြှင့်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနားယဉ်ကျေးမှုအဖွဲ့များက ပြန်လည်ဖျော်ဖြေတင်ဆက်ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှတ်တရလက်ဆောင် ဂုဏ်ပြုဆု ချီးမြှင့်သည်။

ဆက်လက်၍ ယူနန်ပြည်နယ် စစ်ဆောင်ပနား ယဉ်ကျေးမှုအဖွဲ့ဝင်များက မြန်မာယိမ်းပျိုဖြူများနှင့် တွဲဖက်၍ "ရွှေမန်းမာလာ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် အလုံ(၄)မူကြို၊ ကပစ(၁) မူကြိုကလေးငယ်များက ဖျော်ဖြေတင်ဆက်ကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညွန့်ဆွေတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

သံပြိုင်သီဆို

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် တာဝန်ရှိသူများက ကပြဖျော်ဖြေကြသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး နံနက် ၁၁နာရီ ၁၀မိနစ်တွင် ဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက "မန်းတောင်ရိပ်ခို" တေးသီချင်းကို တပျော်တပါး သံပြိုင်သီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားတွင် ဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက "မန်းတောင်ရိပ်ခို" တေးသီချင်းကို တပျော်တပါး သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်စဉ်။ (သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင် မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနားအဆို၊ အကအဖွဲ့က ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ ဟိုတယ်/ ခရီး မဟာသင်္ကြန်မဏ္ဍပ်တွင် တိုင်းမှူးမြို့တော်ဝန်နှင့်အဖွဲ့ ရေသဘင်ပွဲ ပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၆

မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ မန္တလေးမြို့ ကျုံးရှေ့ အင်း၀ ဟိုတယ်မျက်နှာစာရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်၌ ယမန်နေ့သင်္ကြန်အကြတ်နေ့တွင် ကမ္ဘာလှည့်ခရီးသည်များ၊ဧည့်ပရိသတ်များ ပျော်ရွှင်စွာဖြင့် ရေပက်ဖျန်းပါဝင်ဆင်နွှဲကြသည်။

ကြိုဆို

အဆိုပါ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်သို့ နံနက်၁၀နာရီ၄၅မိနစ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့ ရောက်ရှိလာကြရာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ဖျော်ဖြေ

ယင်းနောက် တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်နှင့်အဖွဲ့သည် မဟာသင်္ကြန်မဏ္ဍပ်တွင် ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေး)မှ လုပျိုဖြူကလေးများ၏ ရိုးရာသင်္ကြန်ယိမ်းအကတို့ဖြင့်ဖျော်ဖြေမှုများ၊ ရုပ်ရှင်အနုပညာရှင်များ၊အဆိုတော်များ၏ သင်္ကြန်တေးသံသာများဖြင့် ဖျော်ဖြေမှုများကိုကြည့်ရှုပြီး ကမ္ဘာလှည့်ခရီးသည်များ၊ ဧည့်ပရိသတ်များနှင့်အတူ အတာရေများဖြင့် အပြန်အလှန် ပက်ဖျန်းကြကာ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

(သတင်းစဉ်)

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် အတက်နေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ MM BOX မဏ္ဍပ်၌ ရေပက်ခံကားများဖြင့် ပျော်ရွှင်စွာ ရေကစားနေကြသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်အား စီစီတီဗွီအဖွဲ့ တွေ့ဆုံ မြန်မာ့ခရီးသွားလုပ်ငန်း မှတ်တမ်းတင်ရိုက်ကူးရေးဆွေးနွေး

ရန်ကုန် ဧပြီ ၁၆

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန (CCTV)မှ Producer, Ms.Wang Xian ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦးပါ မှတ်တမ်းတင်ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့သည် ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

မေးမြန်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်း ကဏ္ဍ၏ အရေးပါမှုအခြေအနေ၊ ခရီးသွားလုပ်ငန်း၏အရင်း အမြစ်အခြေအနေနှင့်ခရီးစဉ်ဒေသများ၊ခရီးသည်(Tourists) များအား ဆွဲဆောင်မှု ပြုလုပ်နေသည့် တိုးတက်ဖြစ်ပေါ် ပြောင်းလဲချက်များအပါအဝင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ၏ ရှေ့အလားအလာတို့ကို မှတ်တမ်းတင်ရုပ်မြင်သံကြား ရိုက်ကူးပြီး ကမ္ဘာသို့ပြန်လည်ထုတ်လွှင့်နိုင်ရေးနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန (CCTV)မှ မှတ်တမ်း တင်ရိုက်ကူးရေးအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ အတက်နေ့တွင် ရေကစားကြသူများဖြင့်စည်ကား

ရန်ကုန် ဧပြီ ၁၆

၁၃၆၆ခုနှစ်သို့ ယနေ့ ည(၀)နာရီ (၃၇)မိနစ်(၁၅)စက္ကန့်တွင် ကူးပြောင်း တော့မည်ဖြစ်ရာ ၁၃၆၅ခုနှစ်၏ နောက်ဆုံးနေ့ဖြစ်သော ယနေ့မဟာ သင်္ကြန်အတက်နေ့တွင် နံနက်မှ ညနေ ပိုင်းအထိ ရန်ကုန်မြို့တော်သူ မြို့တော် သားများ ရန်ကုန်မြို့တော်ဝန် မဟာ သင်္ကြန်ရေသဘင်မဏ္ဍပ်၌ ပျော်ရွှင် ကြည်နူးစွာဖြင့် အားပါးတရ ဆင်နွှဲ ကြရာ ရန်ကုန်မြို့တော်ဝန် မဟာ သင်္ကြန်မဏ္ဍပ်မှ ဖျော်ဖြေရေး အစီအစဉ် များဖြင့် ရေသဘင်ပွဲပါဝင်ဆင်နွှဲကြသူ များအား ပြန်လည်ဧည့်ခံဖျော်ဖြေကြ သည်။

ပါဝင်ဆင်နွှဲ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဇနီးဒေါ်ခင်လှလှ နှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေ သဘင်မဏ္ဍပ်သို့ ရောက်ရှိပြီး ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမိသားစု နှင့်အတူ မဟာသင်္ကြန် ရေသဘင်ပွဲ ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အလားတူမြန်မာနိုင်ငံတွင် ချစ်ကြည် ရေးခရီး အလည်အပတ်ရောက်ရှိနေ သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ တိုင်းအမျိုးသား စစ် ဆောင်ပနား အဆို၊အကအဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်သို့ ရောက်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာ ယာရေးကော်မတီ မိသားစုနှင့်အတူ ရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင် ဆင်နွှဲကြသည်။

ဧည့်ခံဖျော်ဖြေ

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်သို့ လာရောက်ကြည့်ရှု အားပေးရေကစားကြသော ပြည်သူများ အား ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်မှ ဒဂုံမြို့နယ်၏ အတာ ရေနန်းကမည်မြ၊ ဒဂုံမြို့သစ်(မြောက် ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း) အမှတ်(၂)အခြေခံ ပညာမူလတန်းကျောင်း၊ စမ်းချောင်း မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မူလတန်းကြိုကျောင်း၊ ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၊ ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြည်ချစ်အားမာန် သင်္ကြန်မောင်အဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေ ကော်မတီ အင်ဂျင်နီယာနှင့် အဆောက် အအုံဌာန၊ ဗဟန်းမြို့နယ် အမှတ်(၁) မူလတန်းကြိုကျောင်း၊ ဗဟန်းမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်း ကျောင်း၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်း ကျောင်းနှင့်ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံ ပညာမူလတန်းကျောင်းတို့မှ မဟာသင်္ကြန် အဆို၊အကများဖြင့်ပြန် လည်သီဆိုကပြ ဧည့်ခံဖျော်ဖြေကြ သည်။

(သတင်းစဉ်)

ပျော်ရွှင်စွာ ရေကစား

ဧပြီ၁၆ ရက်မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ နဂါးမင်းရာဇာ ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားကြစဉ်။

(က-ပ)

အရက်ကြောင့်ဖြစ်သည့်ရောဂါများ

အရက်ကို လွန်ကျွံစွာနှင့် စွဲလမ်းစွာ သောက်သုံးခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှာ-

- အသည်းရောင်ခြင်း၊
- အသည်းခြောက်ခြင်း၊
- သွေးအန်ခြင်း၊
- အစာအိမ်ရောဂါဖြစ်ခြင်း၊
- နှလုံးရောဂါဖြစ်နိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊
- စိတ်ရောဂါများဖြစ်ခြင်းစသည်တို့ဖြစ်ပါသည်။

အရက်ကြောင့်ဖြစ်တတ်သော စိတ်ရောဂါများမှာ-

၁။ ကယောင်ကတမ်းဖြစ်ခြင်း (Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူခန့်မှန်းနိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါဖြစ်တတ်ခြင်း။

၂။ အရက်အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကား မော်ကားသံများ ကြားနေရတတ်ခြင်း (Alcoholic Hallucinosis)။

၃။ အတက်ကြီးရောဂါဖြစ်ခြင်း (Rum Fits) (ဝက်ရူးပြန်ရောဂါကဲ့သို့တက်ခြင်း)။

၄။ စိတ်ဓာတ်ကျရောဂါဖြစ်တတ်ခြင်း (Depressive Illness)။

၅။ စိတ်ဖောက်ပြန်ခြင်း (Alcoholic Psychosis)။

၆။ ဦးနှောက်ချို့ယွင်းခြင်း။

၇။ အရက်နှင့်မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း (Pathological Drunkenness)။

၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း (Morbid Jealousy)။

၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံ သောက်သုံးခြင်း၊ အရက်ကို စွဲလမ်းစွာ သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျ ကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဦးကြည်ညွန့်(ချစ်ကြည်ရေးကြည်ညွန့်)၏ ကိုယ်ရေးအကျဉ်း

ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်)ကို အဖဦးဖိုးထွား (အငြိမ်းစားရဲမှူး- ကွယ်လွန်)နှင့် အမိဒေါ်ခင်ပု(ကွယ်လွန်) တို့မှ ၁၉၃၃ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် ယခုရန်ကုန်တိုင်း ဥက္ကံမြို့၌ မွေးဖွားခဲ့သည်။

ငယ်စဉ်တွင် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ အမျိုးသား အထက်တန်းကျောင်း၊ ဧရာဝတီတိုင်း ဟင်္သာတမြို့ အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဟင်္သာတမြို့မှ ရန်ကုန်မြို့ ရန်ကင်း မြို့နယ်တွင် ပြောင်းရွှေ့နေထိုင်သည်။ ၁၉၅၅ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ လခစားသတင်းထောက် (Staff Reporter) အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေ ဗိမာန်)နှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတို့ ပူးပေါင်း ဖွင့်လှစ်သော သတင်းစာပညာ အတတ်သင်ကျောင်းသို့ တက်ရောက်သင်ကြားခဲ့ရာ သတင်းစာပညာ ဒီပလိုမာကို ထူးချွန်အဆင့်ဖြင့် ရရှိအောင်မြင်ခဲ့သည်။

ဦးကြည်ညွန့်သည်အထွေထွေသတင်းထောက်၊ အားကစား သတင်းထောက်၊ မှုခင်းသတင်းထောက်၊ တရားရုံးသတင်း ထောက်၊ ရုပ်ရှင်သတင်းထောက်၊ စီးပွားရေးသတင်းထောက် နှင့် နိုင်ငံရေးသတင်းထောက်အဖြစ် တာဝန်အသီးသီး ထမ်းဆောင်ခဲ့ရသည်။

၁၉၆၂ခုနှစ်တွင် သတင်းအယ်ဒီတာ တာဝန်နှင့် အယ်ဒီတာ့ အာဘော်ခေါင်းကြီးပိုင်းရေး အယ်ဒီတာ တာဝန်ကို ပူးတွဲထမ်း ဆောင်ခဲ့ရသည်။

၁၉၈၀ပြည့်နှစ်တွင် မြန်မာ့အလင်း သတင်းစာတိုက်၌ ဒုတိယအယ်ဒီတာချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခံရသည်။ ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အစိုးရလက်ထက်၌ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ(မြန်မာ)နှင့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (အင်္ဂလိပ်)တို့ကို ထုတ်ဝေရာ ဦးကြည်ညွန့်အား မြန်မာ့အလင်း သတင်းစာတိုက်မှ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ (မြန်မာ)သို့ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေခဲ့သည်။

၁၉၉၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (မြန်မာ)ကို မြန်မာ့အလင်းသတင်းစာအဖြစ် ပြောင်းလဲ ထုတ်ဝေရာ ဦးကြည်ညွန့်အား အယ်ဒီတာချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်တာဝန်ပေးခဲ့သည်။

ဦးကြည်ညွန့်သည် ၂၀၀၀ပြည့်နှစ်ကုန်အထိ အယ်ဒီတာ ချုပ်တာဝန်ကိုထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၁ခုနှစ် ဇန်နဝါရီ ၁ရက်၌ အယ်ဒီတာချုပ်တာဝန်မှ အနားယူခဲ့ပြီး အကြံပေး အရာရှိအဖြစ်နှင့် ရွှေမောင်းသံဂျာနယ် အယ်ဒီတာချုပ်တာဝန် ကို ၂၀၀၂ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။

ဦးကြည်ညွန့်သည် ၁၉၅၅ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုရေးရာ ဆောင်းပါးများ၊ ခရီးသွားစာပေဆောင်းပါးများအပါအဝင် သုတ၊ရသဆောင်းပါးပုဒ်ရေ တစ်ထောင်ကျော်ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၁၅အုပ်ရေးသားပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဦးကြည်ညွန့်သည် ၁၉၆၂ခုနှစ်မှ ၁၉၆၆ခုနှစ်အထိ မြန်မာ ပြည်သတင်းထောက်များအသင်းတွင် အတွင်းရေးမှူးတာဝန် နှင့် မြန်မာနိုင်ငံသတင်းစာဆရာများအသင်းတွင် အလုပ်အမှု ဆောင် ကော်မတီဝင်တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

ယခုအချိန်ထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၌ ဗဟိုအမှုဆောင်ကော်မတီဝင် တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်နု၊ သားသမီး သုံးယောက် နှင့် မြေးသုံးယောက်ကျန်ရစ်သည်။

တကောင်းမြို့ ရှေးဟောင်းစေလေးမျက်နှာစေတီတော်ကြီး ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်



ခေတ်(၁၀)ရာစု အနော်ရထာမင်းကြီးခေတ်မှ တော်ပြစ်သော စေလေးမျက်နှာစေတီတော်ကြီးသည် လျောင် ၏ ... ယခုအခါ ... တကောင်းမြို့ ... တွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ ... ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ × ၅ × ၃)	-	၃ဝိ/-
ဘိလပ်မြေတစ်အိတ်	-	၄၀၀ဝိ/-
သဲတစ်ကျင်း	-	၆၀၀ဝိ/-
မြစ်ကျောက်(အစေး) တစ်ကျင်း	-	၂၀၀၀ဝိ/-
ထုံး (တစ်အိတ်)	-	၈၀၀ဝိ/-
သံကျောက်ပြားတစ်ချပ် (၁၂ × ၁၂)	-	၅၁ဝိ/-

ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) ဖုန်း ၅၄၃၂၉၁၊ ၅၄၃၂၉၃
ရှေးဟောင်းသုတေသနဦးစီးဌာန (ရုံးချုပ်) ဖုန်း ၅၁၂၀၄၀၊ ၅၁၂၀၃၃
ယဉ်ကျေးမှုအမွေအနှစ်စောင့်ရှောက်ရေးဌာနခွဲ (မန္တလေး) ဖုန်း ၀၂ - ၃၆၈၃၆၅၊ ၀၂ - ၃၃၁၅၇
တကောင်းမြို့ စေလေးမျက်နှာစေတီတော်ကြီးဂေါပကအဖွဲ့ရုံး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၄-၂၀၀၄ (စနေနေ့) [နှစ်ဆန်း(၁)ရက်နေ့]

၁၃၆၆ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၃)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	**ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တ တေဇနိယ ဟောကြားတော်မူသော "ဓမ္မပဏ္ဏာ"(တရား လက်ဆောင်)တရားတော်**
၈း၀၀	၄။	ဓမ္မပူဇာတေးအစီအစဉ်
၈း၁၀	၅။	ခါသကြိန်အဆိုအကများ
၈း၂၀	၆။	ဗိုလ်မြတ်ထွန်းတံတား
၈း၃၀	၇။	International News.
၈း၄၅	၈။	**ဘဒ္ဒန္တ ကုမာရ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) အကျိုးတော်ဆောင် ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မဟာဝိသုတာရာမတိုက်သစ် မကွေးမြို့ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း**
၉း၀၀	၉။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	ခါသကြိန်အဆိုအကများ
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့တာသင်္ကြန်
၁၂း၁၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၄၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၃၃)**
၂း၁၀	၇။	ဂမုန်းရေလှောင်တမံ
၂း၂၀	၈။	**လတန်ခူးပေမို့ (ရုပ်မြင်သရုပ်ဆောင်များ)**
၂း၃၀	၉။	ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၂း၄၅	၁၀။	International News.
၃း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	**သံဃာတော်အပါး(၅၀၀၀)က ချီးမြှင့်သောပရိတ်တရားတော်**
၄း၁၅	၂။	ဓမ္မပူဇာတေးအစီအစဉ်
၄း၂၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	ရွှေတောင်မြို့ကျီးသဲလေးထပ် ဆရာတော်ကြီး၏ ပကိဏ္ဏက နမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီး (ဒါရိုက်တာ-ဦးသုခ၊ မောင်နှင်းမိုး)
၅း၃၀	၆။	ဓမ္မပူဇာတေးအစီအစဉ်
၅း၅၀	၇။	သင်ပုန်းရေလှောင်တမံ
၆း၀၀	၈။	နတ်လူသာစုခေါ် သီတဂူရေအလှူတော်
၆း၁၅	၉။	စားကြမယ်ဟော့ ကောင်းကောင်း
၆း၃၀	၁၀။	ညနေခင်းသတင်း
၇း၀၀	၁၁။	မိုးလေဝသအခြေအနေ
၇း၀၅	၁၂။	Discovery
၇း၁၅	၁၃။	**ရွှေတိဂုံစေတီတော် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား (၅-၄-၉၉)**
၇း၄၅	၁၄။	ကမ္ဘာ့ဝိပဿနာစေတီတော်
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**ဇေယျတုသဗ္ဗမင်္ဂလံ (ဆရာကြီးဦးသုခ)**
	၁၉။	**"အမတမျိုးစေ့" (တေးရေး-ဣန္ဒာဆွေ၊ တေးပြု-ဂီတမှူးစန္ဒရားခွန်တင်ကြွယ်)**
	၂၀။	**မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကိုပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက် ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောက်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို အဘက်ဘက်မှ ပိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများ၊ သုံးစွဲသူ မိဘလုပ်သားပြည်သူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ရဟန်းရှင်လူ ပြည်သူပြည်သားများအားလုံး ၁၃၆၆ ခု နှစ်သစ်ကူးမှစ၍ ဘေးဘယာ ဝေးကွာ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်းနှင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ထွန်းရွှေဝါဆေးဝါးထုတ်လုပ်ရေးမိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမှတ် (၂၈၂၉)၊ အောင်မင်္ဂလာလမ်း၊ (၆၃) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်(၂)၊ ရန်ကုန်။ ဖုန်း - ၅၂၈၅၂၄၊ ၅၀၀၅၁၈၄၊ ၂၄၆၂၅၆၊ ၂၄၁၁၀၉၊ ၂၄၁၀၅၂

သာယာဝတီမြို့နယ် ကံကလေး ကျေးလက်မြေသားလမ်းဖွင့်လှစ်

သာယာဝတီ ဧပြီ ၁၀

သာယာဝတီမြို့နယ် ကံကလေး ကျေးလက်မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက် ၈နာရီက အဆိုပါ မြေသားလမ်း မင်္ဂလာမုခ်ဦး၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်း တက်ရောက်အားပေးချီးမြှင့်သည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်က ကံကလေး ကျေးလက်မြေသားလမ်း ဖောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးလက်မြေသားလမ်းကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် ကံကလေးကျေးရွာဥက္ကဋ္ဌ ဦးမိုးသီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ကျေးလက်မြေသားလမ်းမှာ အကျယ်ပေ ၂၀၊ အရှည် ၅၃၃၅ ပေရှိပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် စည်ပင်သာယာ ခွင့်ပြုငွေကျပ် ၂၄သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

လယ်ဝေးမြို့နယ် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့် ဒေသခံပြည်သူများ၏ အကူအညီဖြင့် ဆောင်ရွက်

လယ်ဝေး ဧပြီ ၃

မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ခရမ်းကိုင်း-မန်ကျီးကုန်းကျေးရွာချင်းဆက် မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက် နံနက် ၉နာရီက အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေစိုးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်က ခရမ်းကိုင်း-မန်ကျီးကုန်းကျေးရွာချင်းဆက် မြေသားလမ်းမှာ အရှည် တစ်မိုင် ၂ ဒသမ ၀၀၇ ဖာလုံ အကျယ်ပေ ၂၀ ရှိ လမ်းဖြစ်ပြီး ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ခွင့်ပြုရန်ပုံငွေ ကျပ် ၃၁၆၇၀၀၀ နှင့် ဒေသခံပြည်သူများ၏ အကူအညီဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေစိုးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်တို့က ကျေးရွာချင်းဆက် မြေသားလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(၁၁၈)

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့် ကျေးရွာများတွင် ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်

မော်လမြိုင်ကျွန်း ဧပြီ ၆

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် မှန်ကူကနစိုချောင်း၊ ဝါးနက်ချောင်း၊ ငွေးကုန်း၊ ကျားဟုန်း၊ ကြက်ရာနှင့် ကွဲခြံချောင်းဖျားကျေးရွာများတွင် မတ် ၁၄ ရက်မှ ၂၃ ရက်နေ့အထိ ဖွင့်ပွဲအခမ်းအနားများ ကျင်းပခဲ့သည်။

ဆက်လက်ဖွင့်ရန်စီစဉ်

ထို့အတူ ဧပြီ ၂၀ ရက်မှ ၂၈ ရက်နေ့အတွင်းတွင်လည်း ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာတွင် ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၃၆၄)

မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ဒေးဒရဲ ဧပြီ ၃

၂၀၀၄ခုနှစ် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဌာနဆိုင်ရာ အသင်းအဖွဲ့ပေါင်းစုံ အသက် (၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် ညနေ ၃နာရီခွဲက မြို့နယ်အားကစားကွင်းအတွင်း ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘောလုံးအသင်းရှစ်သင်းမှ အားကစားသမားများနှင့် ဘောလုံးဝါသနာရှင် ပွဲကြည့်ပရိသတ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲများ စတင်ကျင်းပရာပွဲစဉ် ပထမနေ့အဖြစ် ဆန်စက်၊ ဆန်ကုန်သည်များအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

တောကျွဲအင်း

အထက

အာစရိယပူဇော်မည်

ကျောက်တံခါး ဧပြီ ၂

ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၅၃ ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီး ၁၉ဦးအား ကျောင်းသူ၊ ကျောင်းသားများက ဒသမအကြိမ် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၀ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် တောကျွဲအင်း အထကခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဆက်သွယ်လှူဒါန်းလိုသူများ တောကျွဲအင်း ဖုန်း ၄၅၊ ၄၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာနှစ်သစ်ကူး အခါသမယတွင် မိဘပြည်သူအပေါင်း ကျန်းမာရွှင်လန်းပါစေရန်....

MCC မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

➤ ဧပြီလတန်းခွဲသစ်များအတွက် စာရင်းသွင်းတက်ရောက်နိုင်ပါပြီ....

PMG PEACE MYANMAR GROUP CO., LTD.

UPG UNITED PAINTS GROUP CO., LTD.

PEACE MYANMAR ELECTRIC CO., LTD.

UCF UNITED CAN FACTORY CO., LTD.

ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒများ
ပြည့်ဝပါစေကြောင်း
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ZS PEACE COMPANY LIMITED

Nikko UMBRELLA

ရွှေယုန်မင်း

အနာပဆုပ်၊ ဒူနာ၊ အနာဟောင်း၊ အနာဆွေး၊ နိုနာ၊ သက်တန့်နာ၊ အနာအကြိတ် အဖု၊ ဆီးခိုက်ရှုနာများ ပျောက်ကင်းသည်။

ရွှေရည်ဝန်းကုမ္ပဏီ စက္ကူအမျိုးမျိုးရောင်းဝယ်ရေး

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်အခါသမယသို့ ရောက်ရှိလာသော
ရွှေမြန်မာတို့၏ ၁၃၆၆ခု နှစ်သစ်မင်္ဂလာမှစ၍
မြန်မာပြည်သူ ပြည်သားအပေါင်းနှင့်တကွ
ရွှေရည်ဝန်းကုမ္ပဏီမှ ဝယ်ယူအားပေးကြသော မိတ်ဆွေသင်္ဂဟာ၊
မိတ်ဟောင်း၊ ဆွေဟောင်းအပေါင်းတို့သည် ကျန်းမာ၊ ချမ်းသာ၍
စီးပွားလာဘ်လာဘများ တိုးတက်ပါစေကြောင်း
ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ရွှေရည်ဝန်းကုမ္ပဏီလီမိတက်

Phone-242403, 250921, 243124, 0980-24056.

[illegible]

[illegible]

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး

အမှတ်၃၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၅၄၁၇၉၅၊ ၅၄၅၇၈၂

အလှူရှင်များသို့ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၆၆ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၃)ရက်တွင် ကျရောက်သော မြန်မာနှစ်သစ်ကူး မင်္ဂလာအခါသမယ၌ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကြကုန်သော စေတနာရှင် သာသနာ့ဝန်ထမ်းရဟန်းတော်များ၊ သီလရှင်များနှင့်ပြည်သူအပေါင်းတို့အား ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းကာ ကျန်းမာချမ်းသာတော်မူကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အုပ်ချုပ်ရေးအဖွဲ့။

ကျောက်စိမ်းရတုမင်္ဂလာဆုတောင်း

မေမေ ဦးမြလွင်နှင့် မေမေ ဒေါ်တင်တင်သိန်းတို့၏ (၁၇-၄-၂၀၀၄)ရက်နေ့တွင် ကျရောက်သော (၃၅)နှစ်မြောက် ကျောက်စိမ်းရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးလမ်းကို မိသားစုများနှင့်အတူတကွ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သားသမီးများ-

- ♥ ဒေါက်တာ သန္တာဆွေ
- ♥ ဗိုလ်မှူး သက်ထွန်းဇော်
- ♥ ဒေါက်တာ အေးမင်းသန့်+ ဒေါက်တာ အေးအေးခိုင်လွင်

ချစ်မြေးငယ်- ခိုင်စုဝတ်ရည်မင်း(ဖူးဖူး)

KMD Group of Companies

နှစ်သစ်ဆုမွန်လွှာ

၁၃၆၆ ခုနှစ်သစ်ကူးအခါသမယတွင် မြန်မာနိုင်ငံသူ/သား အပေါင်း ရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့် ICT ပညာရပ်များ ပိုမိုတိုးတက် ထွန်းကားပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက်

KMD DCD MRI iCorner

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။

မြန်မာနှစ်သစ်အခါသမယမှာ ပြည်သူများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

KITCHEN MART (အိမ်မီးဖိုချောင်သုံးပစ္စည်းဈေး)

ဆိုင် (၁)	– (၃၃၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (ဗိုလ်ချုပ်ဈေးတောင်ဘက်)	Tel : 245572
ဆိုင် (၂)	– (၃၃)၊ ပါရမီလမ်း၊ (မြောက်ဒဂုံ)	Tel : 663646
ဆိုင် (၃)	– (၁၃၃)၊ အနော်ရထာလမ်း၊ (ဘုန်းကြီးလမ်းထောင့်)	Tel : 227186
ဆိုင် (၅)	– (၁၆၀)၊ အနောက်ရွှေဂုံတိုင်လမ်း၊ (ယုဇနပလာဇာအနီး)	Tel : 541322
ဆိုင် (၆)	– စေတီယ လမ်း၊ (သန္တာလမ်းထောင့်) တောင်ဥက္ကလာပမြို့နယ်	Tel : 245606
ဆိုင် (၇)	– (၅)၊ မိုးကောင်းလမ်း၊ ဆောက်ဆောင်မီးပွိုင့်၊ ရန်ကင်းမြို့နယ်	Tel : 572889
ဆိုင် (၁၀၀)	– (၁၁)၊ မင်းကြီးလမ်း၊ ဘိုတုန်းရပ်ကွက်၊ အင်းစိန်	Tel : 643151
ဆိုင် (၂၀၀)	– (၁၀၂)၊ ဗဟိုလမ်း၊ ကမာရွတ်ဈေးအနီး၊ ကမာရွတ်မြို့နယ်	–

ရုံးချုပ် – ၁၂၈၀/B၊ ၁၂ ထပ်၊ ရွှေဂုံတိုင်၊ ယုဇနပလာဇာ၊ ဗဟန်းမြို့နယ်။ Tel : 559215, 244537, 545117

ဗဟိုသိုလှောင်ရုံနှင့်အလုပ်ရုံ – (၉၃)၊ ဘုရင့်နောင်ကမ်းနားလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။ Tel : 570359, 703235

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့
(အမ်ဘီအေ)သင်တန်း
ဝင်ခွင့်စာမေးပွဲအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှု ပညာဌာနတွင် စတင်ဖွင့်လှစ်မည့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ဘီအေ) အစီအစဉ်၏ ၂၀၀၄ခုနှစ်၊ ဇွန်လတွင်စတင်မည့် ပထမနှစ်သင်တန်းအတွက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့်သူများသည် အမ်ဘီအေ သင်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ဝယ်ယူတင်သွင်းနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်သူ မဖြစ်စေရ။

(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၂။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကိုဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှုပညာဌာန၊Hဆောင်အပေါ်ထပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့တွင် ၂၂–၄–၂၀၀၄ရက်နေ့မှစ၍ ဝယ်ယူနိုင်သည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာများကို ၇–၅–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် လာရောက်လျှောက်ထားနိုင်သည်။

၄။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၀၄ခုနှစ်၊ မေလ(၁၀)ရက်နေ့ (တနင်္လာနေ့) တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပပါမည်။

၅။ ဝင်ခွင့်စာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ဝါဏိဇ္ဇဗေဒနှင့်စီမံခန့်ခွဲမှုဌာန၊Hဆောင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း–၀၆၄ ၅၀၂၈၂

(ဂ) မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ဖုန်း–၀၆၄ ၅၀၂၈၂။

အောင်အောင်စိုး
(မော်ကွန်းထိန်း)
မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

OD Tour
(၁) မန္တလေး April 23, 30
(၂) တောင်ကြီး April 23, 30
(၃) April 12,
(၄) By Flight

ပုဂံသိမ်တော်ဟိုတယ် (ပုဂံမြို့ဟောင်း)
တယ်လီဖုန်းနံပါတ်များပြောင်းလဲခြင်း
061-60025, 061-60031, 061-60050, 02-67144/04-2042186

TOP 243363 705877

GUARDIAN MONTHLY MAGAZINE
Guardian Magazine
Grammar
C.T.O

မီးကြွင်းမီးကျန် မရှိရန်
ကျင့်ကြံသတိ အမြဲရှိ

နှင်းဆီကုန်းဘိုးဘွားရိပ်သာ
နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၆၆ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူးအခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကူညီလှူဒါန်းကြသူ အလှူရှင်များနှင့် စေတနာရှင်များ အားလုံး ဘေးအန္တရာယ်ကင်း၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း၊ ဘိုးဘွားများ၊ ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများက နေ့စဉ်အာဝဇ္ဇန ဆုတောင်းမေတ္တာပို့သလျက် ရှိပါသည်။ ဤရိပ်သာကြီး နှစ်ပေါင်းရာထောင်မက တည်တံ့ခိုင်မြဲစေရန် ကူညီစောင့်ရှောက်နိုင်ကြပါစေသတည်း။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ
အမှတ်–၂၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း–၅၄၁၇၉၆၊ ၅၄၁၇၉၇

ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့) ရွှေမန်း၊ စံပြ၊ သီတာရုံ
ဧပြီ ၃၀ရက် မန္တလေး၊ တောင်ကြီး၊ ပျဉ်းမနား မြို့များတွင် ပြပြီ။

သိမ်၊ ကျောင်း၊ ရဟန်းအမကြီး
ဒေါ်စောကြည်(သပြုရွာ)
အသက်(၇၈)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုရွာနေ (ဦးငွေစိုး – ဒေါ်အေးခင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊လသာမြို့နယ်၊၁၈လမ်း၊ အိမ်အမှတ်(၆၅)(ပ)ထပ်နေ (ဦးစိန်လှိုင်)၏ ဇနီး၊ဦးမြင့်သန်း –ဒေါ်ရွှေမိ၊ဦးထွန်းလင်း–ဒေါ်မြမြ၊ ဦးမြင့်သိန်း–ဒေါ်ခင်မာလွင်၊ ဦးစိန်လှ–ဒေါ်ခင်ခင်ဝင်း၊ ဦးအောင်အောင်–ဒေါ်မော်မော်နိုင်၊ဦးအောင်ကြည် –ဒေါ်သိန်းသိန်းခိုင်၊ ဒေါ်သန်းသန်းငွေ၊ မခင်မာဝင်းတို့၏မိခင်၊ မြေး၁၈ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၅–၄–၂၀၀၄ရက် နံနက်၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၄–၂၀၀၄ (သောကြာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးတင်သိမ်း
အသက်(၇၀)
ဆိုင်မန်နေဂျာ(ငြိမ်း) စား/ဖျော်

ကျောင်းကုန်းမြို့နေ (ဦးမောင်စိန် – ဒေါ်မိုန်)တို့၏သား၊ ပုသိမ်မြို့နေ (ဦးဘသစ်–ဒေါ်တင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၆လမ်း၊ အမှတ်(၃)နေ (ဒေါ်ခင်ခင်)၏ခင်ပွန်း၊ ဦးသန်းဝင်း(က–က–ဝယ်)–ဒေါ်သီတာဇင် (အသေးစားချေးငွေ၊ ရုံးချုပ်)၊ ဒေါ်နီလာဇင် (ဇင်ဇင်အလှပြုပြင်ရေး)၊ ဦးစိုးမြင့်အောင်(A.W.P.T) – ဒေါ်ချိုချိုမြင့်ဦး (အမက –၁၃၊ ထောက်ကြန့်)၊ ဦးစိန်ဝင်းအောင်၊ ဦးမိုးကျော်အောင်တို့၏ဖခင်၊ မစောယုယနွယ်၊ မောင်အောင်ကိုကိုမင်း၊ မောင်သန့်ထက်၊ မောင်ခိုင်ညီညီသော်တို့၏ အဘိုးသည် ၁၁–၄–၂၀၀၄ရက် နံနက် ၅း၃၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၄–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

နှစ်သစ်မင်္ဂလာဆုမွန်လွှာ

အိုလံပစ်ကုမ္ပဏီလီမိတက်
မှ
မြေကွက်၊ လုံးချင်း၊ တာဝါတိုက်ခန်းများကို
ဝယ်ယူအားပေးကြသော မိတ်ဟောင်း မိတ်သစ်များ
အား
အထူးကျေးဇူးတင်ရှိပါကြောင်း
နှင့်
နှစ်သစ်မှသည် နောင်နှစ်ပေါင်းများစွာသာယာချမ်းမြေ့
မင်္ဂလာရှိစေကြောင်း နှစ်သစ်ဆုမွန်ကောင်းအဖြစ်
ပို့သအပ်ပါသည်။

အိုလံပစ်ကုမ္ပဏီလီမိတက်မှ ဝယ်ယူသူစိတ်တိုင်းကျစေရန်
အစဉ် ကြိုးစားပေးလျက် Gazette Holiday မှအပ
ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

ဇရပ်၊ သိမ်၊ ကျောင်း၊ရဟန်းအမကြီး

ဒေါ်ရီရီ (မိုးကုတ်ယောဂီ)

အသက်(၇၆)နှစ်

ယာဉ်/စက် ကုန်သွယ်ရေး (အငြိမ်းစား)

(ရေကျော်)

ရန်ကုန်မြို့၊ ရေကျော်၊နှင်းပန်းလမ်း၊ အမှတ်(၇)နေ (ဦးမှုတူး–ဒေါ်သုန်)တို့၏သမီး၊(ဦးအောင်သိန်း)–ဒေါ်မမလေး၊ (ဦးပု၊ အငြိမ်းစားညွှန်မှူး၊ ဗဟိုစာရင်းရုံး)၊ (ဒေါ်မမလေး)၊ (ဦးအောင်ငြိမ်း–ဒေါ်ချိုချို)တို့၏ ညီမ၊ (ဦးကြည်လွင်၊ အငြိမ်းစား၊ ဗဟိုစာရင်းရုံး)–ဒေါ်တင်ရီတို့၏အစ်မ၊ ဦးသောင်းညွန့်၊ ဦးရွှေတိုးသိန်း–ဒေါ်ခင်စန်းတို့၏ အဒေါ်၊ ဒေါ်မူမူလွင် (Certified Public Accountant Auditor,FAA Group,FMI Centre)၊ဦးမင်းလွင် (B.Eco)–ဒေါ်ဥမ္မာဝင်း၊ ဒေါက်တာစမ်းစမ်းလွင် (ရန်ကုန်ကလေးဆေးရုံကြီး)–ဒေါက်တာကျော်ကျော်ဦး (ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)တို့၏ ကြီးကြီးမေမေ၊ ငြိမ်းငြိမ်းဝင့်၊ ငုဝါသွဲ့၊ အောင်မျိုးဟိန်း၊ ဆုမြတ်လွင်တို့၏ ဘွားဘွားသည် ၁၆–၄–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၇ နာရီ မှ ၁၀ နာရီအထိ အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊လမ်းမတော်မြို့နယ်၊မြို့မအနောက်၊မြေတိုင်းရပ်ကွက်အမှတ်(YII)၊ ပဥ္စမတန်းစား မြေကွက်အမှတ်(၂၉၂)၊ ဧရိယာ(ဝဒသမ ဝ၂၈)ဧက၊ မြေအကျယ်(၂၄x၅၀)ပေရှိသော နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၅)၊ (၁၂)လမ်း၊လမ်းမတော်မြို့နယ်ဟု ခေါ်တွင်သည့် မြေနှင့် နှစ်ထပ်တိုက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ ဦးတင်ဝင်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါဂရန်မြေကွက်နှင့် တိုက်အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးခင်ညွန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)

တရားရုံးချုပ်ရှေ့နေများ

အမှတ်–၅၅၊တတိယထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်း။

ရုံးဖုန်း–၃၇၁၇၁၇၊၃၇၁၇၅၅၊ အိမ်ဖုန်း–၅၄၁၉၀၁

လက်ကိုင်ဖုန်း–၀၉–၅၀၁၁၅၇၁၊၀၉–၅၀၁၈၃၄၅။

E;mail-khinyunt@baganmail. net.mm

သားအဖြစ်မှ ရာသက်ပန်အမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်မ၏ သားဖြစ်သူ မောင်မြင့်ဦး ၆/လလန (နိုင်) ၀၆၇၂၇၉ သည် မိခင်နှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုလုပ်သွားပါသဖြင့် ကျွန်မ၏သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။၎င်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှကို(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မေကြည်၊ ၆/လလန (နိုင်) ၀၃၅၃၄၈၊ထားဝယ်မြို့။**

NPE

NPE

စာပေမြတ်နိုးသူများအတွက်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

စာအုပ်ဆိုင်

- မေတ္တာမြို့လွှမ်း၊ စေတနာမျိုးသာသာ ပြည်မြန်မာနှင့်အခြားဆောင်းပါးများ
- ဘုရားစေတီလိုက်နာဖွယ်နှင့် အခြားကဗျာများ
- မြန်မာ့ဦးစွန်း–မြန်မာ့မော်ကွန်း
- သမိုင်းတွင် သမိုင်းတင်မည့် ချစ်ကြည်ရေးခရီးမှတ်တမ်းများ(မြန်မာ–အင်္ဂလိပ်)
- ဒေါ်စုကြည် အင်န်အယ်ဒီပါတီနှင့် ကျွန်တော်တို့၏မျှော်လင့်ချက်ရောင်နီ (မြန်မာ–အင်္ဂလိပ်)
- မုန်နှန်းရောစပ် (ပ+၃+တတွဲ)
- ပြည်ထောင်စုအရေးမျှော်တွေးလို့ မြစ်ဆေးချင်နှင့် အခြားဆောင်းပါးများ
- တပ်မတော်သမိုင်း (အတွဲ ၁မှ ၈)အထိ
- တတ်တော်ကြီး ၁၀ ဘွဲ့ (မြန်မာ–အင်္ဂလိပ်)
- ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ–အင်္ဂလိပ်)
- မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ (မြန်မာ–အင်္ဂလိပ်)
- ငါးရာငါးဆယ် ဇာတ်တော်(အကျဉ်း) (ပ+၃) (မြန်မာ–အင်္ဂလိပ်)
- ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ–အင်္ဂလိပ်)
- သိထားရမည့် အင်္ဂလိပ်စာလုံးတွဲများ အင်္ဂလိပ်ဝါကျတည်ဆောက်ပုံများ
- ဓါတ်ပုံစိတ်ကြည်မြင်၊ ... ဓါတ်ပုံစိတ်ကြည်မြင်
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ်ရွတ်စဉ်
- အစရှိကတ် လုပ်ငန်းတွင်ကြော်ငြာပုံနှင့် ...

(လက်ကျန် အနည်းငယ်သာကျန်ရှိပါသဖြင့် အမြန်ဝယ်မှ စိတ်ချရမည် ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်

(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့၊

☎ ၂၉၄၃၀၆

ဦးညိုဝင်း(ခ)

စာရေးဆရာတက္ကသိုလ်မင်းညို

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရဝဏ်ရိပ်သာ(၁)လမ်း၊ အမှတ်(၂)နေ (ဦးတင်–ဒေါ်ဝေ)တို့၏သား၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးထန်ခန်းနား၊ ဦးဝင်းမြင့်–ဒေါ်သန်းသန့်ဇင်၊ ဦးအောင်ကျော်–ဒေါ်သီတာစိန်၊ ဦးသောင်းထွန်း [ဌာနခွဲ(၄)၊မထသ]–ဒေါ်မြမြစန်း(အထက–၃၊ ကမာရွတ်)၊ ဒေါ်စုစုဝင်း(အမက–၁၆၊ စမ်းချောင်း)၊ ဒေါ်နုနုဝင်း(အမက–၁၈၊ လှိုင်)–ဒေါက်တာသက်အောင်၊ ဦးကျော်ထွန်းတို့၏ မွေးသဖခင်သည် ၁၆–၄–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂–၄–၂၀၀၄(ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးညိုဝင်း(ခ)

စာရေးဆရာတက္ကသိုလ်မင်းညို

အသက်(၆၉)နှစ်

မယုဇနခင် B.Sc.(Physics), B.Tech (First Year) ၊ မဆုဝေပိုင် Third Year (English) (U.E.Y), B.Sc [Ngg:(IT)၊Second Year]၊ မသက်စုအောင် Second Year (Y.I.E) ၊ မစိမ့်ရွှေဇင် (အထက–၂၊စမ်းချောင်း)၊ မောင်ကောင်းမြတ်ဟိန်း (အထက–၄၊ အလုံ)၊ မောင်သုတအောင်ကျော်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၆–၄–၂၀၀၄ရက်နံနက်၁၁း၅၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေးတစ်စု။

ကိုတင်ဦး(၄၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ် (၁၈၁)နေ (ဦးအုန်းရွှေ) ဒေါ်မြင့်ကြည်တို့၏ သား၊ ကိုမြင့်ကျော်–မချိုချိုထွန်းတို့၏မောင်၊ ကိုတင်ထွန်းလှ–မလွင်လွင်ဦးတို့၏ အစ်ကို၊ မကြည်ကြည်သိန်း၏ခင်ပွန်း၊ မဆုပြည့်၊ မဆုချစ်တို့၏ဖခင် ကိုတင်ဦးသည် ၁၆–၄–၂၀၀၄(သောကြာနေ့)ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်

သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၈၁)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ မြသိန်းတန်ဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော် မြို့နယ်သံဃာ့ နာယကအဖွဲ့ ဥက္ကဋ္ဌ ဖြစ်တော်မူခဲ့သော ဘဒ္ဒန္တ ပဏ္ဍိတမဟာထေရ်မြတ်သည်(၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၉ ရက်) ၂၉–၃–၂၀၀၄ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ ရက်) ၂၅–၄–၂၀၀၄ ရက်တွင် အန္တိမအဂ္ဂိဈာပနပွဲ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမြင့် အသက်(၈၀) (မော်လမြိုင်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင် ဒေါ်အေးမြင့်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ Panda Hotel မိသားစု။

ဦးတင်ကြည်

အသက်(၇၇)နှစ်

B.A.,B.L

Managing Director

Phoenix Trading Co.,Ltd., Japan

(ဝန်းသို)

ရန်ကုန်မြို့နေ (ဦးဘချစ်–ဒေါ်ကြွေ)တို့၏ သားကြီး၊ ဗိုလ်တထောင်လမ်းသွယ်(၂)နေ ဒေါ်ဒေါ်လီ၏ခင်ပွန်း၊ ကမ္ဘာအေးနေ ဦးခင်မောင်ဦး–ဒေါ်သဇင်လတ်၊ဦးဝင်းငွေ–ဒေါ်ခင်စန္ဒာ၊ဒေါ်ခင်သန္တာတို့၏ ဖခင်၊ မဟာန်သူလတ်၊ မသီရိနှင်းတို့၏ အဘိုး၊ ညီ၊ ညီမ ၁၀ ယောက်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ၁၉ယောက်တို့၏ ဘကြီးသည် ၁၃–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၄–၂၀၀၄ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)

ရဟန်း၊သိမ်၊ဘုရားဒါယကာ

ဦးတင်

အသက်(၈၅)နှစ်

တိုင်းငွေစာရင်းအရာရှိ(အငြိမ်းစား)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)အနော်မာရပ်ကွက်၊ တိုးချဲ့(၁)ဖြတ်လမ်း၊ အမှတ်(၁၆၇၉)နေ ဒေါ်တင်ဥ၏ ခင်ပွန်းဖြစ်သူ ရာသက်ပန်အသင်းဝင် ဦးတင်သည် ၁၆–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

တကကစိုးအောင်(ငြိမ်း)

အသက်(၈၁)နှစ်

(တပ်မတော်–ရေ)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၁၅၆)၊အခန်း (၄/က)နေ (ဒေါ်ဝင်နီ)၏ခင်ပွန်း၊ ဦးအေးကြူ–ဒေါ်အေးအေးမော်၊ ဦးရဲတင့်–ဒေါ်ကြူကြူလှိုင်၊ ဦးအောင်သိန်း၊ ဒေါ်မူမူဆွေတို့၏မွေးသဖခင်၊ ဦးမင်းမင်းဦး–ဒေါ်ဥမ္မာပြုံးမောင်စိုပြေ၊ မကြာညိုသင်းပျံ့၊ မောင်ဇော်လင်းထွဏ်း၊ မောင်အောင်ပြည့်စုံတို့၏ အဘိုး၊ ဖိုးသကြ်န်၏ ဘိုးဘိုးကြီးသည် ၁၅–၄–၂၀၀၄(ကြာသပတေးနေ့) ည၁၀နာရီတွင် SSC အထူးဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆–၄–၂၀၀၄ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအုလုံမှန်အောင်

အသက်(၃၃)နှစ်

B.E,(Meh:)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်(၄၁)၊၆လွှာနေ ဦးအုလုံဂမ်–ဒေါ်အက်(စ်)လုတောင်တို့၏သားထွေး၊ Rev အုလုံအောင်ဂျာ၊ ဒေါ်အုလုံဆိုင်းခေါန်(အထက–၁၊မြစ်ကြီးနား)၊ဦးအယ်လ်ဇော်ဂျွန်(လဝကဦးစီးမှူး၊ ကျောက်မဲမြို့)၊ ကိုအုလုံနော်ဆန်း၊ဒေါ်အုလုံထွယ်မိုင်–ဦးအင်ဖွေတူးဂျာတို့၏ ညီ/ မောင်၊ (ဦးအမ်ဂရောင်လီ၊အင်ဂျင်နီယာ၊ငြိမ်း)–ဒေါ်အက်(စ်)ခေါန်လိန်တို့၏သားသမက်၊ ဒေါ်အမ်ဂျာရော်(ဦးစီးအရာရှိ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ဝန်ကြီးများရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အယ်(လ်)ဇော်ဆိုင်း၊ မအယ်(လ်)နန်စင်ပန်တို့၏ ဦးလေး ဦးအုလုံမှန်အောင်သည်၅–၄–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၇–၄–၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀–၄–၂၀၀၄(အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရန်ကုန် ကချင်နှစ်ခြင်းခရစ်ယာန်ဗိမာန်တော်၊ စမ်းချောင်းမြို့နယ်တွင် အောက်မေ့ဆုတောင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိးသားစု။

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်အမာ(ဖျာပုံ)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်(၂၂၈/၁၃)နေ ဗိုလ်ကြီးထွန်းရှိန်၊ စက်မှု(၁)(ငြိမ်း)၏ ဇနီး၊ ဦးကျော်မြင့်(ကပရ)–ဒေါ်ချိုချိုမာ၊ ဦးကျော်မြင့်(လယ်/ဆည်)–ဒေါ်လှမြိုင်၊ ဦးလေးကြည် (တွဲဖက်ပါမောက္ခ၊ စီးပွားရေးတက္ကသိုလ်)–ဒေါ်မြမြရှိန် (လ/ထ ညွှန်မှူး၊ စက်မှု–၁)၊ ဦးမြင့်သိန်း (အထက်တန်းရှေ့နေ) – ဒေါ်တင်အေး (ဦးစီးအရာရှိ၊ စစစ)၊ ဦးအောင်သန်း–ဒေါ်မြင့်မြင့်သိန်း၊ ဦးကျော်လွင်–ဒေါ်မြမြညွန့်(လ/၃၊ မင်္ဂလာဒုံ)၊ ဦးစိန်သန်း (ကညနဘားအံ) – ဒေါ်စန်းစန်းနွဲ့၊ ဦးလွမ်းဝေ–ဒေါ်ဖြူဖြူရှိန်၊ ဦးမျိုးထွန်း(စက်မှု–၂)– ဒေါ်စန်းစန်းလှိုင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၃ယောက်တို့၏ အဘွား၊ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း တိုက်အမှတ် ၁၁/၁၃ နေအိမ်နေ ဒေါ်အမာသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၆–၄–၂၀၀၄ရက် နံနက် ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်သည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၂–၄–၂၀၀၄(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးချို

အသက်(၇၃)နှစ်

(ဦးလှမောင်–ဒေါ်တင်ကြည်) တို့၏ သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်၊ သစ္စာလမ်း၊အမှတ်(၁၉)နေ [ဦးတင်မောင်အေး–ကကငွေ(ငြိမ်း)]၏ ဇနီး၊ မအေးမြတ်မိုး၊ မအေးမြတ်စိုး (ပင်စင်ဦးစီးဌာန)တို့၏ မိခင်သည် ၁၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၄–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ဖွားသိုက်

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လကျာ်လမ်း၊ အမှတ်(၇၄)နေ ဦးလှမြင့်၏ဇနီး၊ ကိုစိန်လင်း(K.T Marine)၊ ကိုမောင်မောင်အေး–မချောချောလှိုင်၊ကိုသိန်းနိုင်(Earth Trading) – မချိုချိုလေးတို့၏ မိခင်၊ မောင်ဟိန်းထက်ဇော်၊ မောင်ရဲဝေလင်း၊ မချောစုသိမ့်တို့၏ အဘွားသည် ၁၆–၄–၂၀၀၄ နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဦးပညိန္ဒ(ကျုံစုတ်ကျေးရွာ)

ရွှေကျင် ဘုံပျံကျောင်းကြီးကျောင်း

သိက္ခာတော် (၆၂) ဝါ၊ သက်တော်(၈၂) နှစ်

မအူပင်မြို့နယ်၊ကျုံစုတ်ကျေးရွာ၊ကျောင်းကြီးကျောင်းတိုက်၌ သီတင်းသုံးတော်မူသည့် ဦးစီးနာယကဆရာတော် ဦးပညိန္ဒသည် အထက်ပါကျောင်း၌ (၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၁ရက်)၁၅–၄–၂၀၀၄(ကြာသပတေးနေ့) ည ၇း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၃–၄–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဈာပနအခမ်းအနားဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးရှိ တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ၊ ကျုံစုတ်ကျေးရွာ၊ မအူပင်မြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဓမ္မနန္ဒ(အင်းစိန်)

သိက္ခာတော် (၂၅)ဝါ၊ သက်တော်(၆၈)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ဗောင်းတော်ချုပ်ကျောင်းတိုက် (ထော်သိုကျေးရွာအုပ်စု၊သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်)ဘဒ္ဒန္တ ဓမ္မနန္ဒ (ဗောင်းတော်ချုပ်သံဃာ့နာယကအဖွဲ့ဝင်) ဆရာတော်သည် (၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၁ရက်)၊ ၁၅–၄–၂၀၀၄ရက် နံနက် ၉း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁ရက်)၁၉–၄–၂၀၀၄ရက် မွန်းတည့် ၁၂နာရီ တွင် အန္တိမဈာပနဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ဗောင်းတော်ချုပ်သံဃာ့နာယကအဖွဲ့။

ရဟန်းဒါယကာကြီး

ဦးကံမြင့်(ခ)ဦးအောင်နိုင်မြင့်

အသက်(၆၈)နှစ်

(ရွှေဆိုင်)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ အမှတ်(၁၂၉)နေ (ဦးဘဦး–ဒေါ်အေးစိန်)တို့၏ သား၊ (ဦးချို–ဒေါ်သန်းရီ)တို့၏ သားသမက်၊ ဒေါ်စောကြည်၏ ခင်ပွန်း၊ မခင်ဆွေဝင်း၊ ကိုစောဝင်းအောင်–မခင်ဆွေမော်၊ မနိုင်နိုင်ဦး၊ မတင်တင်သော်၊ မခင်ဌေးဦး၊ မခင်စန္ဒာအောင်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်ပြည့်ဆွေအောင်(ခ) ဝိုင်းချစ်၊ မဆင့်နေခြည်ခန့်တို့၏ အဘိုး ဦးကံမြင့်(ခ)ဦးအောင်နိုင်မြင့်သည် ၁၅–၄–၂၀၀၄ (ကြာသပတေးနေ့) ည ၇း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆–၄–၂၀၀၄(သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းရီ(ပဲခူး)

(၆၇)နှစ်

ပဲခူးမြို့၊ အမှတ်(၂၁၃)၊ ဖိုင်းဂနိုင်းမြောက်ပိုင်း၊ ကမ်းနားလမ်းနေ (ဦးကံသာ–ဒေါ်အုန်းရင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၄၆)၊ ဇဋိလလမ်း၊ တာမွေမြို့နယ်နေ (ဦးအောင်တင်)၏ ဇနီး၊ ဦးခင်မောင်လေး – ဒေါ်အေမီအောင် (အထက–၃၊ပဲခူး)၊ ဦးသက်အောင် (မူအုပ်၊ဗဟို၊ပဲခူး)–ဒေါ်ခင်ခင်နိုင်၊ဦးတင်ရွှေ–ဒေါ်ဥမ္မာအောင်၊ ဒုရဲအုပ်သင်းအောင် (ရန်ကုန်လေဆိပ်မှူးယစ်)၊ ဒေါ်စပွါယ်အောင်၊ ဦးအောင်ခိုင်(Golden Lion Co.,Ltd)–ဒေါ်ဝါဝါမိုးတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၆–၄–၂၀၀၄(သောကြာနေ့) နံနက် ၃း၄၅ နာရီတွင်ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆–၄–၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်မောင်မောင်

အသက် (၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၃)၊ အဓိပတိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးတင်ဝင်း(ရဲမှူး/ငြိမ်း)–ဒေါ်ခင်စန်းနွယ်တို့၏ တတိယသား၊ ဦးတင်မောင်သော်(ဆလရ)–ဒေါ်စန်းစန်းရီ၊ဦးတင်မောင်ဇော်–ဒေါ်စန်းစန်းရီတို့၏ ညီ၊ နွယ်ကေသီနိုင်၊နီနီကြူဝင်း၊ သန့်လွင်ဝင်း၊ သန့်ထွင်ဝင်း–ဖြိုးဖြိုးသန့်၊ ခိုင်ဇာသွယ်တို့၏ အစ်ကို၊ တူ၊တူမ ကိုးယောက်တို့၏ ဦးလေးဦးတင်မောင်မောင်သည် ဖူးကြီးမြို့နယ်၊ရေသိုးရွာတွင်၁၄–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်ပါ၍ ၁၅–၄–၂၀၀၄(ကြာသပတေးနေ့)တွင် ရေသိုးရွာတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ဘုရားဒါယကာ

ဦးတင် (တောင်တွင်းကြီး)

အသက်(၈၅)နှစ်

တိုင်းငွေစာရင်းအရာရှိ (အငြိမ်းစား)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)အနော်မာရပ်ကွက်၊ တိုးချဲ့(၁)ဖြတ်လမ်း၊ အမှတ်(၁၆၇၉)နေ ဒေါ်တင်ဥ၏ ခင်ပွန်း၊ ဒေါ်ခင်ခင်ရွှေ (လမ်းအထူး–၄၊ညောင်တုန်း)၊ ဒေါ်မြမြညွန့် (ငွေစာရင်းဦးစီး၊ ဆလရ)၊ ဦးကြည်ဝင်း(ပြည်နယ်သစ်တောဦးစီးရုံး၊ ဟားခါးမြို့)၊ ဦးမြစိန် (Carnival-Shipping Co.LtD)၊ မအေးအေးသန်းတို့၏ မွေးသဖခင်သည် ၁၆–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်ရစ္စရ်ဘီ(ခ)

ဒေါ်ကြူကြူ

အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးအာမက်အဖ်ဇာလ–ဒေါ်ဘူဒီမာဘီ)တို့၏ သမီး၊ ယခင်ဟယ်လ်ပင်လမ်းနေ[ဟာဂျီနုရ်မာမက်(ခ) ဦးမာအာငြိမ်း]၏ ဇနီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်လမ်းသွယ်(၁)၊ အမှတ်(၂၁)နေ ဒေါ်ခတ်တူး(ခ)ဒေါ်တီတီ၏ မိခင်၊ ဟာဇာရာဗီ(ခ)မစုမြတ်မွန် (အထက–၂၊လသာ)၏ အဘွား ဟာဂျီမ ဒေါ်ရစ္စရ်ဘီ(ခ)ဒေါ်ကြူကြူသည် ၁၅–၄–၂၀၀၄ ရက် နံနက် ၁၀း၁၅ နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့အစ္စာရ်နမာဇ်အပြီး(၅၂)လမ်းဗလီမှ ရေဝေးကဘာန်စတန်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကိုလေး

အသက်(၇၃)နှစ်

အမှတ်(၁)တပ်မတော်တပ်ထိန်း(ရေ)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၂၁)လမ်း၊ အမှတ်(၁၅)နေ (ဦးဘစိန်–ဒေါ်ငွေရှင်)တို့၏ သား၊ (ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊ (ဦးခင်မောင်ဝင်း–ဒေါ်သန်းလှ)၊ ဦးရဲထွဋ်–ဒေါ်လှလှသိန်း၊ ကိုမျိုးမြင့်(တပ်မတော်–ရေ)–ဒေါ်စန်းစန်းမြင့်၊ ဦးမောင်တင်–ဒေါ်အေးတင်တို့၏အစ်ကို၊ ဦးအောင်ကြိုင်ထွန်း(တပ်မတော်–ရေ)–ဒေါ်တင်တင်လှ၊ ဦးအောင်နိုင်ထွန်း–ဒေါ်ဌေးဌေးအောင်၊ ဦးဝင်းဌေး–ဒေါ်သီတာထွန်း(မြန်မာ့ဆက်သွယ်ရေး)၊ မနီလာထွန်းတို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၅–၄–၂၀၀၄(ကြာသပတေးနေ့)ညနေ ၆နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၆–၄–၂၀၀၄(သောကြာနေ့) မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ၊ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ဥက္ကဋ္ဌာရာမကျောင်းတိုက်ရှိ အေးငြိမ်းချမ်းသာမဟာမင်္ဂလာသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျောက်တန်းမြို့ ဥက္ကဋ္ဌာရာမကျောင်းတိုက်

အေးငြိမ်းချမ်းသာမဟာမင်္ဂလာသိမ်တော်ကြီး ရေစက်ချအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ဥက္ကဋ္ဌာရာမကျောင်းတိုက်အတွင်းရှိ "အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီး" ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီ ၁၅မိနစ်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပြီး သိမ်တော်ကြီး၏ မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ကျောက်တန်းမြို့ မင်းကျောင်းစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရ၊ သန်လျင်မြို့ မင်းကျောင်းစာသင်တိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကုသလ၊ ကျောက်တန်းမြို့ ဥက္ကဋ္ဌာရာမကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ ဝိစိတ္တ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ၊ ဥက္ကဋ္ဌာရာမကျောင်းတိုက် အကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က "အေးငြိမ်းချမ်းသာ မဟာမင်္ဂလာ သိမ်တော်ကြီး" မင်္ဂလာကမ္ပည်း မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို အဆိုပါသိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ အခမ်းအနားကို ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် သန်လျင်မြို့ မင်းကျောင်းစာသင်တိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုသလထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက ကိုးပါးသီလ ခံယူဆောက်တည် ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်မြတ်များကို **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❁

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

၁၃၆၅ခုနှစ် မဟာသင်္ကြန်အတက်နေ့ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများ အေးချမ်းပျော်ရွှင်စွာ ရေကစား

ရန်ကုန် ဧပြီ ၁၆

ယနေ့သည် ၁၃၆၅ခုနှစ် မဟာသင်္ကြန်အတက်နေ့ဖြစ်ပြီး မြန်မာနှစ် ၁၃၆၅ခုနှစ်သည် ယနေ့ည မြန်မာစံတော်ချိန် ၁၂နာရီ ၁၇မိနစ် ၁၅စက္ကန့်တွင် ကုန်ဆုံးမည်ဖြစ်သည်။ မြန်မာနှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသော ကာလကို "သင်္ကြန်ကာလ"ဟု သတ်မှတ်ကာ ထိုကာလတွင် မြန်မာတို့သည် မြတ်စွာဘုရားအား ပန်း၊ရေချမ်း၊ဆီမီး၊ နံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ မြတ်ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းသံဃာများအား ဆွမ်းလှူဒါန်းလောင်းလှူခြင်း၊ မိဘဆရာများနှင့် အသက်ဂုဏ်ဝါကြီးမြင့်သူများအား တစ်ကိုယ်ရေ သန့်ရှင်းရေးအဖြစ် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်သန့်ရှင်းပေးခြင်း၊ အများသူငါတို့အား သင်္ကြန်တွင်း အာဟာရဒါနအဖြစ် မြန်မာ့ရိုးရာအစားအစာများဖြင့် အလှူဒါနပြုကျွေးမွေးခြင်း စသော ကုသိုလ်ကောင်းမှုများ ပြုကြသည့်အပြင် တစ်ဦးနှင့်တစ်ဦး ပီတိသောမနဿဖြာရံသော မေတ္တာအရင်းခံစိတ်ဖြင့် နှစ်ဟောင်းမှ မကောင်းမှုအညစ်အကြေးနှင့် မကောင်းဒုစရိုက်များ ကင်းစင်စေရန် သန့်ရှင်းစင်ကြယ်သော သင်္ကြန်ရေစင်ဖြင့် အပြန်အလှန် သွန်းလောင်းကြသည်မှာ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းပင် ဖြစ်သည်။

ယနေ့ မဟာသင်္ကြန် အတက်နေ့တွင် ရန်ကုန်မြို့တော်တစ်ဝန်းလုံး၌ သင်္ကြန်ချစ်ပြည်သူအများ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

ဧပြီ ၁၆ရက် သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ပေါ်ရှိ ရေကစားမဏ္ဍပ်တစ်ခုတွင် ရေပက်ခံယာဉ်များနှင့် ရေပက်သူများ စည်းကမ်းတကျ ပျော်ရွှင်စည်ကားစွာ ရေပက်ကစားနေကြစဉ်။ ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် ဧပြီ ၁၆

၂၀၀၄ခုနှစ် ဧပြီ ၁၆ရက် မြန်မာစံတော်ချိန် နံနက် ၉:၃၀နာရီတွင် ဟုမ္မလင်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၅၄မီလီမီတာ(၂ဒသမ ၁၃လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၃၉နှစ်အတွင်း ဧပြီလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ ထုတ်ပြန်သည်။